**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၁)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ အင်္ဂါနေ့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ သွားရောက်ဖူးမြော်ကြည်ညို** စာ - ၅ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

## ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့တာဝန်ကျရာပတ်ဝန်းကျင်ကို ပညာအလင်းရောင်နှင့်လမ်းကြောင်းမှန်ဖော်ဆောင်ပေးနိုင်ရမည်

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ မန္တလေးပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၇ ရက်)

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကလောင်စွမ်းဖြင့်ပါဝင်ပေး

အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ်စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ဩဂုတ်လ ၂၄ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း အသိပညာဗဟုသုတတိုးပွားစေရေးအတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိသလို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကိုလည်း မကြာခဏလှူဒါန်းပေးလျက်ရှိသည်။ ယခုကျင်းပသည့်အခမ်းအနားတွင်လည်း လူထုသိပ္ပံကျမ်းအတွဲ(၆)နှင့်အတွဲ(၇)တစ်မျိုးလျှင် အုပ် ၁၅၀၀ စီဖြင့် စုစုပေါင်း အုပ် ၃၀၀၀ ကိုထပ်မံလှူဒါန်းခြင်းဖြစ်သည်။ စာကြည့်တိုက်များသည် ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ်သည့်အတွက် လူတိုင်း၊ လူတိုင်း စာကြည့်တိုက်သို့ သွားရောက်စာဖတ်ကြရန်လိုအပ်သည်။ လူငယ်များအနေဖြင့် အတန်းပညာတတ်မြောက်ရုံသာမက အသိပညာပြည့်ဝရန်လည်းလိုအပ်သည်။ အသိပညာဗဟုသုတပြည့်ဝရန်မှာ သုတစာပေ၊ ရသစာပေများဖတ်ရှုကြရမည်ဖြစ်သည်။

စာပေ၏အစွမ်းသတ္တိသည် အမှောင်ခွင်းပြီးအလင်းဆောင်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀ ထည့်ဝင်လှူဒါန်းခြင်းမှာ စာပေလောကသားများအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေသို့ ငွေကျပ် ၇၅ သိန်းထည့်ဝင်လှူဒါန်းခဲ့သည့်အတွက် ပခုက္ကူစာပေဆုချီးမြှင့်မှုတွင် များစွာအထောက်အကူဖြစ်စေသည်။ ယခုစာပေဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့်သုတေသနစာပေဆု စုစုပေါင်း ၁၆ ဆုချီးမြှင့်ခဲ့သည်။

ပခုက္ကူဦးအုံးဖေသည် စာပေကိုလွန်စွာဝါသနာကြီးမားလွန်းလှသည့်အတွက် ၁၉၉၄ ခုနှစ် သူ၏အသက် (၇၆)နှစ်အချိန်တွင် ငွေကျပ် ၇၆ သိန်းကို နိုင်ငံတော်သို့လှူဒါန်းခဲ့ရာမှ ပခုက္ကူစာပေဆုပေါ်ပေါက်လာခြင်းဖြစ်သည်။ ယခုဆိုလျှင် ဆုချီးမြှင့်သည့်အကြိမ်ပေါင်း (၃၀) မြောက်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ လူသာကွယ်လွန်သော်လည်း ပခုက္ကူဦးအုံးဖေ၏အမည်မှာ စာပေသမိုင်းတွင် နာမည်ကောင်းဖြင့် တွင်ကျန်ရစ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုတို့မှာ စာပေလောကသားများအတွက် စာပေမှတ်တိုင်စိုက်ထူရာဆုများဖြစ်သည်။ အခြားသောပုဂ္ဂလိကစာပေဆုများသည်လည်း ထိုနည်းအတူဖြစ်သည်။

စာပေဆုရရှိရန်အတွက် စာပေလောကသားတိုင်းကကြိုးစားကြသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ်ကြရသလို ထူးခြားသောအတွေးအခေါ်အယူအဆများကို ရေးဖွဲ့ကြရသည်။ ကြိုးစားသူတိုင်းအတွက် အောင်ပွဲကလက်ကမ်းကြိုနေမည်ဖြစ်သည်။ စာပေလောကသားဆိုသည်မှာ စာပေပညာရှင် ဝါသနာရှင်နှင့် စာပေကိုမြတ်နိုးသူများကိုဆိုလိုခြင်းဖြစ်သည်။ စာပေကိုမြတ်နိုးစွာကြိုးစားရေးသားနေကြသူများတွင် ရဟန်းစာဆိုများ၊ ဌာနစုံမှဝန်ထမ်းများ၊ အငြိမ်းစားများနှင့်တပ်မတော်သားများပါဝင်သည်။ **“အမှောင်ခွင်း၍ အလင်းဆောင်အံ့”** ဟူသောစာပေဆောင်ပုဒ်သည် ခေတ်အဆက်ဆက်လူသားတို့အနေဖြင့် စာပေကိုမြတ်နိုးတန်ဖိုးထားတတ်စေရန်ဖြစ်သည်။ စာပေဖတ်ရှုခြင်းဖြင့် စာပေမှပေးသောသုတရသစုံလင်စွာရရှိသဖြင့် ဉာဏ်အလင်းကို ရရှိစေသည်။ မကောင်းသောလမ်းကြောင်း၊ ဘေးဆိုးကပ်ဆိုးမှလည်းရှောင်ကွင်းနိုင်သည်။ အမှောင်ခွင်းသည်ဆိုသော်လည်း ယနေ့လမ်းမှားတွင်ရောက်နေကြသူများမှာ စာပေဖတ်ရှုလေ့လာမှုနည်းပါးလွန်း၍ အမှောင်ကိုမခွင်းနိုင်ခြင်းဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ဂုဏ်တင့်စေနိုင်ရေးအတွက်လည်း စာပေမြင့်မှလူမျိုးတင့်မည်ဟုဆိုထားပေရာ စာပေသည် လူသားတို့၏ဂုဏ်ကိုတင့်တယ်စေသည်မှာအမှန်ပင်ဖြစ်သည်။ လူတိုင်းတွင်မိတ်ဆွေအပေါင်းအသင်းရှိကြသော်လည်း ထိုမိတ်ဆွေအပေါင်းအသင်းသည် မိတ်ဆွေကောင်းဖြစ်ချင်မှဖြစ်ပေမည်။ စာပေသည်ကား စာအုပ်စာပေလူ့မိတ်ဆွေဆိုသည့်အတိုင်း အချိန်နှင့်အမျှလူသားတို့ကို အကျိုးပြုနေမည်သာဖြစ်သည်။ နိုင်ငံတော်က စာပေလောကသားများအတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုများချီးမြှင့်ဂုဏ်ပြုလျက်ရှိပေရာ စာပေပညာရှင်များအား ထိုက်သင့်သည့်ဂုဏ်ပြုချီးမြှောက်မှုများပြုနေသည်မှာ ဝမ်းသာကြည်နူးဖွယ်ကောင်းလှသည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်ကလည်း အထက်ပါအတိုင်း ဂုဏ်ပြုချီးမြှင့်နေသကဲ့သို့ စာပေလောကသားများအနေဖြင့်လည်း မိမိနိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးတွင် ကလောင်စွမ်းအားဖြင့် တစ်တပ်တစ်အားပါဝင်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ဘိုကလေးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

ဘိုကလေး ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘိုကလေးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဩဂုတ်လ ၂၆ ရက်တွင် ကွင်းဆင်း၍ အသက် ၁၆ နှစ်နှင့်အထက် တစ်ကြိမ်တစ်ခါမျှ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ဖူးခြင်းမရှိသေးသော ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်းစီမံချက်(၃) အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးသည်။

ထိုသို့နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ထောက်ခံဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ရေး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘိုကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ယခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူဆောင်ရွက်ကြမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာများကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောသည်။ ထို့နောက် တာဝန်ရှိသူများက လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# အခြေခံတရုတ်စကားပြောသင်တန်း (၂/၂၀၂၄) သင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၂၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ အခြေခံတရုတ်စကားပြောသင်တန်းအမှတ်စဉ် (၂/၂၀၂၄) ဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးအောင်ပြည့်ဖြိုးက သင်တန်းဖွင့်လှစ်သင်ကြားရသည့်ကာလအတွင်း အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများအား ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ သင်တန်းနည်းပြဆရာ ဦးအောင်ပြည့်ဖြိုးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါအခြေခံတရုတ်စကားပြော(အခမဲ့)သင်တန်းအမှတ်စဉ် (၂/၂၀၂၄) ကို ဇွန်လ ၁၅ ရက်မှ ဩဂုတ်လ ၂၅ ရက်အထိ စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်၍ နေ့စဉ်သုံးစကားအတိုအထွာများ၊ ကိန်းဂဏန်းများ၊ လူပုဂ္ဂိုလ်အခေါ်အဝေါ်များနှင့် မိတ်ဆက်ခြင်းတို့ကို အရေး၊ အဖတ်သင်ကြားပေးကြောင်း သိရသည်။

(၄၁၃)


## Myawady Digital Set Top Box ထုတ်နုတ်ရှုမြင်အစီအစဉ်

၂၇-၈-၂၀၂၄(အင်္ဂါနေ့)

**မြဝတီရုပ်မြင်သံကြားအစီအစဉ်**

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၁၅ အမျိုးသားရေးတေးကဗျာ
၆။ ၉:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၇:၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၈။ ၁၉:၀၀ **တောင်ပိုင်းပိုးလမ်းမသစ် တရုတ်-မြန်မာအခန်းကဏ္ဍ(အပိုင်း-၂၁)**

**MWD Variety Channel**

၁။ ၀၉:၄၃ စကားလက်ဆုံ
၂။ ၁၀:၁၄ မှတ်တမ်းအစီအစဉ်
၃။ ၁၁:၄၁ ဥပဒေမှတ်စု
၄။ ၁၅:၄၆ ကြည်နူးဖူးမြော် ဘုရားပုထိုးစေတီတော်
၅။ ၁၆:၄၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၆။ ၁၇:၄၄ Sport Icon
၇။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ



မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဝန်းသိုမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်



ဝန်းသို ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း ခရိုင် ဝန်းသိုမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် သီးနှံစုံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေ ပြီဖြစ်ကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝန်းသိုမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ကြရာ လက်ရှိ အချိန်ထိ ၁၀၁၁ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။

''ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝန်းသို မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူ တွေကို နည်းပညာပေးပါတယ်။ စိုက် နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကင်းစင်ရေး၊ သဘာဝပိုးသတ်ဆေးနဲ့ ပိုးနှင်ဆေး ပြုလုပ်သုံးစွဲရေးအတွက် အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်''ဟု ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဆွေကပြောသည်။

ယခုနှစ်တွင် ဝန်းသိုမြို့နယ်၌ ဟင်းသီး ဟင်းရွက်စိုက်ပျိုးတောင်သူများကို သက် ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်း စနစ်မှန်ကန်စေရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝန်းသိုမြို့နယ်၌ နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးလျက် ရှိရာ စိုက်ပျိုးသီးနှံများ အောင်မြင် ဖြစ်ထွန်းလျက်ရှိသောကြောင့် မိသားစု အပိုဝင်ငွေရရှိကြောင်း သိရသည်။

(၄၀၉)

# ထားဝယ်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်များဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ

ထားဝယ် ဩဂုတ် ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ် ခရိုင် လူငယ်ရေးရာကော်မတီ၊ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် လ ၂၆ ရက်တွင် ထားဝယ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်လူငယ်ရေးရာ ကော်မတီအတွင်းရေးမှူး၊ အားကစား နှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်စံပယ်သွင်က ယနေ့လူငယ်များသည် နောင်တစ်ချိန် နယ်ပယ်အသီးသီး၌ ဦးစီး ဦးဆောင် ပြုရမည့်သူများဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်ကူးစိတ်သန်းများ၊ အိပ်မက်များ အကောင်အထည်ဖော်ရာတွင် စာအုပ် စာစောင်များဖတ်ရှုခြင်း၊ အတွေ့အကြုံ ရှိသူများကို မေးမြန်းခြင်းမှရရှိနိုင်သကဲ့ သို့ ကျောင်းသားအချင်းချင်း တိုင်ပင် ဆွေးနွေးခြင်းတို့မှလည်း ရရှိနိုင်ကြောင်း၊ နိုင်ငံတော်မှလည်း လူငယ်များကို တန်ဖိုးရှိ သော လူသားအရင်းအမြစ်များအဖြစ် မျှော်မှန်းပြီး ပြုစုပျိုးထောင်ပေးလျက်ရှိ ကြောင်း၊ လူငယ်များကိုယ်တိုင်ကလည်း တန်ဖိုးရှိသော လူသားများဖြစ်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်ကြရန် လိုအပ် ကြောင်း၊ လူငယ်များအနေဖြင့် မိမိ ကိုယ်ကို ကောင်းအောင်ကြိုးစားခြင်းသည် မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့ အစည်းအတွက်ပါ ကောင်းအောင်ကြိုးစား နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပ ရာ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်က ဦးဆောင်ဆွေးနွေးသူ အဖြစ်ဆောင်ရွက်ပြီး အမှတ်(၄)အခြေခံ ပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် Grade–10 မှ မောင်ဖွဲ့ရန်နိုင်က လူငယ်နှင့်နည်းပညာ၊ Grade–10 မှ မစိုးစိုးမြတ်က လူငယ်နှင့် အားကစား၊ Grade–11 မှ မသန္တာအောင် က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade–10 မှ မအင်ကြင်းခိုင်က လူငယ်နှင့်စာကြည့် တိုက် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေး ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများနှင့်အပြန် အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး တာဝန် ရှိသူများက ဆွေးနွေးပြောကြားသည့် ကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက် ၌ ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာ သည့် ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုလှိုင်၏ပြောပြချက်အရ သိရသည်။

ဇူလိုင်လက ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူ တစ်ရက်လျှင် ပိဿာချိန် ၄၀၀ အထိသာ အရောင်းအဝယ်ရှိခဲ့ပြီး ဩဂုတ်လပထမ ပတ်မှစ၍ တစ်ရက်လျှင် ကြက်သွန်ဖြူ ပိဿာချိန် ၆၅၀ အထိအရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။



''ကြက်သွန်ဖြူက ဩဂုတ်လပထမပတ် လောက်ကတည်းက အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိ မအူပင်မြို့ နယ်အတွင်းကို ရှမ်းပြည်နယ်ဘက်ကနေ ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေ ပုံမှန် ဝင်ရောက်လျက်ရှိပါတယ်''ဟု ဒေါ်စုလှိုင် ကပြောသည်။

မအူပင်မြို့နယ် စားသောက်ကုန်ဈေး ကွက်နှင့်ပွဲရုံများသို့ တစ်ရက်လျှင် ကြက် သွန်ဖြူပိဿာချိန် ၁၅၀၀ မှ ၅၀၀၀ အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ကုန်သည် များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင် ယာဉ်အငှားလိုက်သူများနှင့်လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ဆရာမ ပြောပြမယ်"

"ဒီနှစ် တို့ တန်းမြင့်ကျောင်းမှာ "တန်းမြင့်ဂုဏ်ရောင် နံရံကပ်စာစောင်" ဆိုပြီး ထုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ "ကိုးတန်းကျောင်းသား မောင်ရွှေပြား" ဆိုတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါတယ်လေ"

"ဟုတ်ကဲ့ပါ ဆရာမ"

"အဲဒီ ဝတ္ထုကိုရေးတဲ့ ကလောင်ရှင်ကိုသိလား"

"မှတ်မိပြီ ဆရာမ"

အတန်းနောက်နားက ထိုင်နေသည့် ရွှေမြက ထပြောလိုက်သည်။

"ဘယ်သူလဲ"

"ကျောက်ဖြူ မောင်ညွန့်လွင်"

"ကျောက်ဖြူ မောင်ညွန့်လွင်ဆိုတာ"

"ဘညွန့်ပါ ဆရာမ"

ဆရာမ ဒေါ်စောရည်စကား နောက်ကလိုက်ပြီး ကျောင်းသားများမှာ ဖြေမိလျက်သား ဖြစ်နေကြတော့သည်။

"အေး ဟုတ်တယ် မောင်ဘညွန့်ပဲ။ မောင်ဘညွန့်က မြန်မာစာပေလိုက်စားတော့ စာစီစာကုံးပြိုင်တော့လည်း သူ ဆုရတာပေါ့"

ကျောင်းသား၊ ကျောင်းသူများ တဒင်္ဂငြိမ်သက်သွားကြသည်။ ဆရာမဒေါ်စောရည် ကြေညာစာရွက်ကို လက်မှတ်ထိုးပေးလိုက်၏။ ရုံးအကူ နောက်တစ်ခန်းသို့ ထွက်သွားသည်။

"အဲဒီမှာ သားတို့၊ သမီးတို့ ဂုဏ်ယူထိုက်တာရှိတယ်။ အဲဒါက ဘာလဲဆိုတော့ မောင်ဘညွန့်က ကိုးတန်းပေမယ့် သူ့ထက်အတန်းကြီးတဲ့ ၁၀ တန်းနဲ့ ယှဉ်လိုက်တဲ့အချိန်မှာ သူ ပထမရတယ်၊ သူနိုင်တယ်လေ"

ကျောင်းသား၊ ကျောင်းသူများက ရသမြောက်ဇာတ်လမ်းတစ်ပုဒ်ကို နားဆင်နေကြရသည့်အလား ငြိမ်သက်နေကြ၏။

"ကိုယ့်ထက်အင်အားကြီးတဲ့လူ၊ ပါဝါမြင့်တဲ့အရာကို တရားသောနည်းလမ်းဖြင့် အောင်နိုင်ခြင်းဟာ အာဇာနည်ပဲကွဲ့။ အဲဒါကို လူစွမ်းကောင်းလို့ခေါ်တယ်"



"သားတို့၊ သမီးတို့ မောင်ဘညွန့် ခုလိုအောင်နိုင်ခြင်းအတွက် ဂုဏ်မယူကြဘူးလား"

"ဂုဏ်ယူပါတယ် ဆရာမ"

"ဝမ်းမသာကြဘူးလား"

"ဝမ်းသာပါတယ် ဆရာမ"

"အဲလို ကိုယ့်ဘက်တော်သားရဲ့ အောင်မြင်မှုအတွက် ဂုဏ်ယူတာ၊ ဝမ်းသာတာကို မျိုးချစ်စိတ်လို့ ခေါ်တယ်ကွဲ့"

ကျွန်တော်၏မျက်နှာတွင်လည်း ဂုဏ်ယူသည့် အပြုံးတစ်ပွင့် ချက်ချင်းဖြစ်တည်သွားပြီး အတန်းဖော်များဘက်သို့ လှည့်ကြည့်ဖြစ်သွား၏။

"ဘညွန့်ကွ"

စကားသွက်ပြီး များများပြောတတ်သော စံငွေက အားပါးတရထအော်လိုက်ရာ ပိုပြီးပွဲကျသွားကြသည်။

"သားတို့၊ သမီးတို့ကို ဆရာမပြောပြမယ်။ မြန်မာစာဘာသာရပ်မေးခွန်းလွှာမှာ စာစီစာကုံးခေါင်းစဉ်သုံးခုပေးထားလေ့ရှိတယ်"

"ကဲ မောင်ဘညွန့်တို့ စာစီစာကုံးပြိုင်ပွဲဖြေတုန်းက ဘာခေါင်းစဉ်တွေပါလဲ"

"နံပါတ်(၁) က "ကျွန်ုပ်ကြိုက်နှစ်သက်သော စာအုပ်တစ်အုပ်"၊ နံပါတ်(၂) က "နှင်းမှုန်လွလွ ဆောင်းချမ်းလ"၊ နံပါတ်(၃) က "လူသန်မပြော လူပြောမသန်" ပါ ဆရာမ"

ကျွန်တော် မတ်တတ်ရပ်ပြီး ခပ်သွက်သွက်ပြန်ပြောပြလိုက်၏။

"အဲသလို ခေါင်းစဉ်သုံးမျိုးပေးထားတဲ့အခါမှာ ကျောင်းသားအများစုဟာ ကိုယ်နဲ့ထိတွေ့မှုအရှိဆုံး၊ အရင်းနှီးဆုံးဖြစ်တဲ့ ရာသီသဘာဝတွေကို ရေးလေ့ရှိကြတယ်။ အဲဒီလိုရေးတဲ့အချိန်မှာ ရေးသူများတဲ့အတွက် အများဆုံးထဲမှာ ကိုယ့်စာစီစာကုံးက အကောင်းဆုံးဖြစ်ဖို့လိုလိမ့်မယ်၊ တော်ရုံတန်ရုံလောက်နဲ့ ဆုမရနိုင်ဘူး၊ ဒီလိုခေါင်းစဉ်တွေက ရေးတဲ့လူများသလို အောင်မှတ်ရကြတဲ့လူတွေလည်း များကြပါတယ်။ ဒါပေမဲ့ ဆုရဖို့တော့ မလွယ်ပါဘူး"

"အရေးအနည်းဆုံးခေါင်းစဉ်ကတော့ လူအများနားလည်ရခက်၊ ရေးသားတင်ပြဖို့ခက်တဲ့ အကြောင်းအရာဖြစ်တယ်၊ ဒီခေါင်းစဉ်မျိုးကို ရေးတဲ့သူလည်း နည်းတယ်၊ အဲဒီလို ခက်ခဲတဲ့ခေါင်းစဉ်မျိုးကို ရေးတဲ့သူက အချက်ကျကျ၊ အဆီအငေါ်တည့်တည့်ရေးနိုင်ရင် ဆုရစာစီစာကုံးဖြစ်ဖို့များပါတယ်"

ဆရာမဒေါ်စောရည်မှာ ကျွန်တော့်အကြောင်းကို ပြောရင်းနဲ့ စာစီစာကုံးရေးသားနည်းကို သင်ပေးနေရသလိုမျိုးဖြစ်နေသဖြင့် အာသွက်နေပေသည်။

"ကဲ မောင်ဘညွန့် ဒီစာစီစာကုံးပြိုင်ပွဲမှာ ဘယ်ခေါင်းစဉ်ကို ရေးခဲ့တာလဲ"

"လူသန်မပြော လူပြောမသန်" ပါ ဆရာမ။

"တွေ့လား အဲဒီခေါင်းစဉ်သုံးမျိုးမှာ မောင်ဘညွန့် ရေးခဲ့တဲ့ခေါင်းစဉ်က အခက်ဆုံးဆိုတာ သတိထားမိကြလား"

"ဟုတ်ကဲ့ပါ ဆရာမ"

"မောင်ဘညွန့်ဟာ အဲသလို ကျောင်းသားအများစုက ခက်ခဲတယ်လို့ထင်ပြီး အရေးနည်းတဲ့ခေါင်းစဉ်ကို အချက်ကျကျတင်ပြပြီး စနစ်တကျရေးနိုင်လို့ ခုလို ပထမဆုကို ရတာပဲကွဲ့"

"ဒါကြောင့် စာစီစာကုံးဖြေရင် အရေးကောင်းဖို့ အရေးကြီးသလို အတွေးကောင်းဖို့လည်း လိုအပ်ပါတယ်"

ဆရာမဒေါ်စောရည်၏အသံက စာသင်ခန်းထဲတွင် ကြည်ကြည်လင်လင်ထွက်ပေါ်နေပေ၏။

ကျေးလက်နေမိဘဆီက သားမောင် ကျောင်းသားကြီးအတွက် ကျားကုတ်ကျားခဲရှာကြံပြီး ပေးပို့သော ချွေးနှဲစာပိုက်ဆံများကို ကျွန်တော် မုန့်မစားရက်ပေ။ သို့သော် အပြင်စာပေများကိုတော့ ဝယ်ဖတ်သည်။ ယင်းအချိန်က နာမည်ကြီးစာရေးဆရာများ ဖြစ်ကြသော တက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ်မောင်အေး၊ တက္ကသိုလ်ဟန်ဝင်းအောင်၊ ရန်ကုန်ဘဆွေ၊ အောင်လင်း၊ သခင်မြသန်း၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လင်းယုန်သစ်လွင်၊ သော်တာဆွေ၊ မဝင်းမြင့်၊ ခင်နှင်းယု၊ ခင်စိန်လှိုင် စသည့်စာရေးဆရာကြီးများ၏ ဝတ္ထုစာအုပ်များကို တစ်အုပ်လျှင် နှစ်ကျပ်ပေးရသည်။ ကျွန်တော်မုန့်မစားဘဲ ဝယ်ဖတ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## စဉ့်ကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကျင်းပ

စဉ့်ကိုင် ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဆရာ၊ ဆရာမများ မိမိတို့ သက်ဆိုင်ရာ ကျောင်းတွင်းဟောပြောပွဲ၊ အစည်းအဝေး၊ ဆွေးနွေးပွဲစသည့်အခမ်းအနားများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရန်ရည်ရွယ်ကာ အခမ်းအနားမှူး သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၂၆ ရက်တွင် အဆိုပါဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးကိုကိုကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ ကျွမ်းကျင်-၃ သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးသီက သင်တန်းသူများအား အခမ်းအနားမှူးကောင်းတစ်ယောက်၏ တာဝန်ယူဆောင်ရွက်ရမည့်အချက်များ၊ အခမ်းအနားမှူးကောင်းတစ်ယောက်၏ အရည်အချင်း၊ ဝတ်စားဆင်ယင်မှုစသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၂၆ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ဘုတ်ပြင်းမြို့နယ်၌ ဥပဒေအသိပညာပေးသင်တန်းအမှတ်စဉ်(၄/၂၀၂၄) သင်တန်းဖွင့်လှစ်



ဘုတ်ပြင်း ဩဂုတ်၂၆

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဥပဒေအသိပညာပေးသင်တန်းအမှတ်စဉ်(၄/၂၀၂၄)သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၂၅ ရက်က ဘုတ်ပြင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းငွေးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဥပဒေအသိပညာပေးသင်တန်းကိုဆက်လက်ပို့ချရာ ခရိုင်ဥပဒေအရာရှိ ဦးဇင်မင်းဦးကအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲရေးဥပဒေ၊ ရာဇသတ်ကြီးဥပဒေ စသည့်ဘာသာရပ်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်လဲ့မင်းဝေက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေတို့ကို ဟောပြောပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းငွေးနှင့်အဖွဲ့ဝင်များ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ သွားရောက်ဖူးမြော်ကြည်ညို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော်(မန္တလေး)အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော် (မန္တလေး)အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေးထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစဉ်။





နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(မန္တလေး)အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ လက်ဝဲအထက်စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုကြသည်။ စာမျက်နှာ ၆ သို့ ❑

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။





မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်း၊ အားဖြည့်ဂှက်သိုက်နှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။



❑ စာမျက်နှာ ၅ မှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေးထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအားကြည့်ရှုကာ စေတီတော်မြတ်ကြီး အမြဲသန့်ရှင်းသာယာပြီး ကြည်ညိုဖွယ်ဖြစ်နေစေရေးအတွက်ဆောင်ရွက်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသကိုဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးထံ အားဖြည့်ဂှက်သိုက်နှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားစဉ်။

# (၇)ကြိမ်မြောက် အာဆီယံ+ ၃ နိုင်ငံများအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများထိပ်သီးအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဆက်လက်တက်ရောက်

နေပြည်တော် ဩဂုတ် ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်ယနေ့နံနက် ၉ နာရီတွင် Buriram Chang Arena ၌ ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ +၃ နိုင်ငံ အစည်းအဝေးကို တက်ရောက်သည်။




အဆိုပါအစည်းအဝေးကို "ဒစ်ဂျစ်တယ်ခေတ်ပညာရေးအသွင်ကူးပြောင်းရေး" ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိအဖြစ် ထိုင်းနိုင်ငံကဆောင်ရွက်ပြီး အာဆီယံနိုင်ငံများနှင့် + ၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ ဒစ်ဂျစ်တယ်ပညာရေးစနစ်ဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြပြီး အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံ + ၃ နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်ပညာရေးစနစ်ပူးပေါင်းဆောင်ရွက်ခဲ့မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်ရန်နှင့် အာဆီယံနိုင်ငံများအားလုံးမှ နိုင်ငံအလိုက် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ အဆိုပါအစည်းအဝေးမှ ပူးတွဲကြေညာချက်တစ်ရပ်ကို ဆွေးနွေးအတည်ပြုခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးကိုဆက်လက်ကျင်းပရာ အရှေ့အာရှဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယား၊ ရုရှား၊ အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံအလိုက် ဒစ်ဂျစ်တယ်ပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံနိုင်ငံများနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား ဒစ်ဂျစ်တယ်ပညာရေးစနစ် ပူးပေါင်းဆောင်ရွက်မှုများကို အကြံပြုချက်များနှင့်အညီ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။ ယခုအစည်းအဝေးမှ ပူးတွဲကြေညာချက်တစ်ရပ်ကို အတည်ပြုခဲ့ကြပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးအပြီးတွင် အိမ်ရှင်ထိုင်းနိုင်ငံက ခင်းကျင်းပြသထားသောပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်တော်ကြီးနှင့် ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်တော်ကြီးနှင့် ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)ရှင်းလင်းဆောင်၌ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်၊ ကျောင်းဆောင်ကြီးလေးဆောင်၊ သုံးထပ်ဆွမ်းစားဆောင်နှင့်ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို အဆောက်အဦအထူးအဖွဲ့(၂) အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး(၁)မှ ရန်ကုန်တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးကိုကိုအေးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သာသနိကအဆောက်အအုံများကို အဆင့်မြှင့်တင်မွမ်းမံရာတွင် နိုင်ငံတော်မှချထားပေးသည့်ဘတ်ဂျက်နှင့် အပြီးသတ်ကောင်းမွန်စေရန် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် မဟာနာယကကျောင်းဆောင်တော်ကြီး အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်းခွင်နေရာသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝိဇယမင်္ဂလာဓမ္မသဘင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(၅၀၀)

# ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့၌ ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေး ဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၆

ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဒေသအလိုက် ဆီထွက်သီးနှံနေကြာတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် ဒေသအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ပြည်တွင်း အထည်အလိပ်စက်ရုံများအတွက် လိုအပ်သည့်အရည်အသွေးမြင့် ဝါဂွမ်းထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် အထူးဇုန်ဧရိယာများ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေးအတွက် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးခြင်းအတွက် ချေးငွေများ ထောက်ပံ့ပေးအပ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၌ နေကြာသီးနှံ ဧကသုံးသန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၌ ဧက ၃၇၅၀၀၀ ကျော်၊ မကွေးတိုင်းဒေသကြီး၌ ဧက ၂၄၂၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီး၌ ဧက ၁၈၁၀၀၀ ကျော်နှင့် ကချင်ပြည်နယ်၌ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နေကြာစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်ရန် အလားအလာကောင်းသည့် ဒေသများကို ရွေးချယ်၍ ဆီထွက်သီးနှံနေကြာ အထူးဇုန်များသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကာ လိုအပ်ချက်အပေါ်မူတည်၍ မြေဆီလွှာ အခြေအနေ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်း၊ ထည့်သွင်းအသုံးပြုသင့်သည့်ဓာတ်မြေဩဇာအမျိုးအစား၊ အချိုးအဆ ထောက်ခံချက်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေ ရရှိရေး စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် နေကြာသီးနှံ အစေ့အဆန်ပြည့်ဖြစ်ထွန်းစေရန် ဝတ်မှုန်ကူး အင်းဆက်ပျားမွေးမြူရေးလုပ်ငန်းကို တောင်သူများတွဲဖက်လုပ်ကိုင်နိုင်ကြစေရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒေသအလိုက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည်ယမန်နေ့က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်စွမ်းအားတိုးတက်ရေး၊ အသားနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသအလိုက် စားရေရိက္ခာဖူလုံစေရေးအတွက် စီမံဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံ ဝါနှင့်ကော်ဖီ လျာထားဧကပြည့်စိုက်ပျိုးနိုင်ရေးဆွေးနွေးပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမရပူရမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန နတ်ရေကန် ငါးလုပ်ငန်းစခန်းသို့သွားရောက်ပြီး စခန်း၌ မျိုးငါးများမွေးမြူထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ငါးမျိုးထုတ်လုပ်မှု၊ ငါးမျိုးရောင်းချမှုနှင့် ငါးမျိုးစိုက်ထည့်ထားရှိမှုကိုလည်းကောင်း၊ ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေး(ဓာတ်ခွဲခန်း)မှ ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသော ရေထွက်ကုန်များကို စားသုံးသူများဘေးအန္တရာယ်ကင်းသော အစားအစာဖြစ်ကြောင်း ကျန်းမာရေးအာမခံချက်(Health Certificate)ထုတ်ပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(မန္တလေး)၌ အစားအစာဘေးကင်းလုံခြုံရေးအတွက် အရေးပါသော Salmonella, E.coli, Coliform, Staphylococcus aureus, Aerobic Plate Count တို့ကိုစစ်ဆေးသည့် 3M Petrifilm နည်းပညာ ISO/IEC: 17025:2017 လက်မှတ်ရရှိရန်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အာဟာရပြည့်ဝသော စားရေရိက္ခာဖူလုံရေးအတွက် ပမာဏအမြောက်အမြားထွက်ရှိနိုင်စေရန် မွေးမြူရေးနှင့်အသားကဏ္ဍ ထုတ်ကုန်များ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မှုနှင့် တိရစ္ဆာန်ရောဂါရှာဖွေရေးလုပ်ငန်းများကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာ၍ ကြိုတင်ကာကွယ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် ဆူးဖြူကွယ်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးအောင်မြင့်၏ ဆိတ်မွေးမြူရေးခြံ၌ ဂျိတ်နီဆိတ်မျိုး အကောင်ရေ ၂၅၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ကျန်းမာရေးကောင်းကျိုး ပိုမိုရရှိနိုင်သောနည်းလမ်းများ

ကျန်းမာရေးကောင်းကျိုးပိုမိုရရှိစေတဲ့ နည်းလမ်းတွေရှိပါတယ်။ ရယ်မောပျော်ရွှင်တာ၊ သွားကြားပွတ်ကြိုးအသုံးပြုတာ၊ လက်ဖက်ခြောက်နှပ်သောက်တာ၊ ကျေးဇူးတင်ကြောင်းမှတ်တမ်းရေးတာ၊ နံနက်စာမှာ နွားနို့သောက်တာတို့လို အသေးအဖွဲကိစ္စတချို့က ကျန်းမာရေးကောင်းကျိုးများစွာကို ပေးစွမ်းနိုင်ပါတယ်။

သွားတိုက်တာ၊ သွားကြားပွတ်ကြိုးအသုံးပြုတာရဲ့ကောင်းကျိုးက ဦးနှောက်နဲ့ လည်ပင်းကင်ဆာဖြစ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းလျော့နည်းစေပါတယ်။ လေ့လာမှုအရ နာတာရှည်သွားဖုံးရောင်ရမ်းတာကြောင့် ဦးခေါင်းနဲ့လည်ပင်းကင်ဆာဖြစ်နိုင်ခြေ ၄ ရာခိုင်နှုန်း ပိုမိုမြင့်မားတာကို တွေ့ရပါတယ်။ ခံတွင်းနဲ့လည်ချောင်းကင်ဆာဖြစ်နိုင်ခြေ ပိုမိုမြင့်မားစေပါတယ်။ ခံတွင်းသန့်ရှင်းရေးလုပ်ဆောင်မှုမကောင်းတာက ဆေးလိပ်သောက်သုံးသူတွေထက် ကင်ဆာဖြစ်နိုင်ခြေပိုမိုမြင့်မားပါတယ်။သွားချေးဖတ်တွေမှာကပ်ငြိနေတဲ့ ဗက်တီးရီးယားပိုးတွေက သွားဖုံးရောဂါတွေဖြစ်စေတာကြောင့် တစ်နေ့နှစ်ကြိမ် ပုံမှန်သွားတိုက်တာ၊ သွားကြားပွတ်ကြိုးအသုံးပြုပြီး စားကြွင်းစားကျန်တွေကို ဖယ်ရှားတာတွေ ပြုလုပ်သင့်ပါတယ်။

ဝိုင်သောက်တာက အသက်ငါးနှစ်ပိုရှည်စေတယ်။ တစ်နေ့ကို ဝိုင်ခွက်ရဲ့တစ်ဝက် နေ့စဉ်သောက်သုံးပေးတာက အသက်ငါးနှစ်ပိုရှည်စေတယ်လို့ လေ့လာမှုအရ သိရပါတယ်။ ဝိုင်အနီမှာပါဝင်တဲ့ ပိုလီဖီနောက နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ သွေးတွင်းသွေးခဲဖတ်ဖြစ်ပေါ်မှုကိုကာကွယ်ပေးပြီး ကောင်းတဲ့ကိုလက်စထရောကိုမြှင့်တင်ပေးတာကြောင့် လေဖြတ်နိုင်ခြေနဲ့ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။ အရက်သောက်သုံးမှုက အမျိုးသမီးတွေမှာ ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေကိုမြင့်မားစေတာကြောင့် တစ်နေ့ကို အရက်တစ်ခွက်ထက်ပိုမသောက်သင့်ပါဘူး။ အမျိုးသားတွေအနေနဲ့ တစ်နေ့ကို အရက်နှစ်ပက်ထက်ပိုမသောက်သင့်ပါဘူး။

လက်ဖက်ခြောက်နှပ်ပြီးသောက်သင့်ပါတယ်။ လက်ဖက်ခြောက်နှပ်ပြီးသောက်တာက လေဖြတ်နိုင်ခြေကို ၂၀ ရာခိုင်နှုန်းလျော့နည်းစေပါတယ်။ တစ်နေ့ကို တစ်ခွက်သောက်သုံးမှုမရှိသူတွေနဲ့နှိုင်းယှဉ်လေ့လာမှုအရ လေဖြတ်နိုင်ခြေငါးဆလျော့နည်းတာတွေ့ရပါတယ်။ လက်ဖက်ရွက်မှာ အစွမ်းထက် Antioxidants ဖြစ်တဲ့ Epigallocatechin Gallate (EGCG) နဲ့ Amino acid ဖြစ်တဲ့ Thiamine တွေပါဝင်ပြီး သွေးကြောတွေ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းပေးပါတယ်။

ယောဂကျင့်တာက ခါးနာဝေဒနာခံစားရနိုင်ခြေ ၅၆ ရာခိုင်နှုန်းလျော့နည်းစေပါတယ်။ အားလပ်ချိန်မှာ ယောဂကျင့်တာက နာတာရှည်ခါးနာဝေဒနာခံစားရနိုင်ခြေကိုလျော့နည်းစေတယ်လို့ ဗာဂျီးနီးယားတက္ကသိုလ်ကပြုလုပ်တဲ့လေ့လာမှုမှာ တွေ့ရပါတယ်။ လေ့လာသူတွေထဲကတချို့ကို တစ်ပတ် နှစ်ရက်နဲ့ တစ်ရက်ကို မိနစ် ၉၀ ကြာအောင် ယောဂလေ့ကျင့်ခိုင်းပြီး တချို့ကိုတော့ ဆေးဝါးတွေနဲ့သာ ကုသမှုပေးခဲ့ပါတယ်။ ယောဂလေ့ကျင့်သူတွေက နာကျင်မှုဝေဒနာလျော့နည်းပြီး လှုပ်ရှားမှုပိုမိုကောင်းမွန်တာကို တွေ့ရပါတယ်။

***"နံနက်စာမှာ နို့သောက်တာက ကိုယ်အလေးချိန် ငါးပေါင်လျော့ကျစေတယ်လို့ဆိုပါတယ်။ နံနက်စာစားတဲ့အခါ အဆီထုတ်ထားတဲ့နွားနို့ သောက်သုံးတာကြောင့် နေ့လယ်စာစားသုံးတဲ့အခါ ကယ်လိုရီ ၅၀ လောက် လျော့နည်းစားသောက်ဖြစ်တယ်လို့ အမေရိကန် အာဟာရဆိုင်ရာဆေးပညာဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။ ဒါ့ပြင် သကြားမထည့်ထားတဲ့ သဘာဝအချိုအရသာအတိုင်းဖျော်ထားတဲ့ သစ်သီးဖျော်ရည်သောက်သုံးတာကလည်း နွားနို့သောက်သလိုပဲ အာနိသင်ရရှိစေပါတယ်။ နွားနို့ကို နံနက်စာမှာပါဝင်အောင် သောက်သုံးတာကြောင့် တစ်နှစ်ကြာတဲ့အခါ ကိုယ်အလေးချိန် ငါးပေါင် ကျဆင်းစေပါတယ်. . ."***

ကျေးဇူးတင်ကြောင်းမှတ်တမ်းရေးလေ့ရှိတာရဲ့ ကောင်းကျိုးက ပျော်ရွှင်မှုကို ၂၀ ရာခိုင်နှုန်း ပိုမိုခံစားရနိုင်ပါတယ်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေကိုလေ့လာမှုအရ ကျေးဇူးတင်ကြောင်းမှတ်တမ်းရေးမှတ်လေ့ရှိသူတွေက ကိုယ့်ကိုယ်ကိုယ်ကျေနပ်ပျော်ရွှင်မှုတွေ ပိုမိုခံစားရတာကို တွေ့ရပါတယ်။ နောက်ထပ်လေ့လာမှုတွေမှာတော့ ခုခံစွမ်းအားမြင့်မားစေပြီး အဆုတ်နဲ့အသည်းလုပ်ငန်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေကာ သွေးဖိအားလျော့နည်းစေတာနဲ့ ပျော်ရွှင်ဖွယ်ခံစားချက်ပိုင်ဆိုင်နိုင်တာ စတဲ့ကောင်းကျိုးတွေကိုလည်း ရရှိတယ်လို့ သိရပါတယ်။ အီးမေးလ် ဒါမှမဟုတ် လူမှုကွန်ရက်စာမျက်နှာတွေမှာ ကျေးဇူးတင်ကြောင်းရေးသားတာတွေကလည်း စာရွက်မှာရေးမှတ်သလိုမျိုး ကောင်းကျိုးတွေရရှိစေပါတယ်။ သူတစ်ပါးရဲ့ ကျေးဇူးတင်စရာကောင်းတဲ့အကြောင်းအရာတွေ၊ သူတစ်ပါးက ကျေးဇူးတင်ရလောက်တဲ့ ကိုယ့်ရဲ့အကြောင်းအရာတွေကိုပြန်တွေးပြီး ရေးသားတာကြောင့် ကိုယ်ရည်ကိုယ်သွေးတွေ ပိုမိုတိုးတက်စေပါတယ်။

ညစာမှာ ငါးပါဝင်အောင်စားတာက သက်ကြီးသတိမေ့ရောဂါဖြစ်နိုင်ခြေ ၁၉ ရာခိုင်နှုန်းလျော့နည်းစေပါတယ်။ လေ့လာမှုအရ တစ်ပတ်ကို အနည်းဆုံးငါးတစ်ကောင်စားသုံးတာက လုံးဝမစားသုံးသူတွေထက် သက်ကြီးသတိမေ့ရောဂါဖြစ်နိုင်ခြေ ပိုမိုလျော့နည်းစေပါတယ်။ အသားလုံးဝမစားသူတွေထက် အသားစားသုံးသူတွေက သက်ကြီးသတိမေ့ရောဂါဖြစ်နိုင်ခြေ ပိုမိုမြင့်မားပါတယ်။ အဆီများတဲ့ ဆဲလ်မွန်ငါး၊ မက်ကရယ်ငါး၊ တူနာငါးတွေကနေ omega-3 အဆီရရှိနိုင်ပြီး ဦးနှောက်မှာရှိတဲ့အာရုံကြောဆဲလ်တွေ ရောင်ရမ်းပျက်စီးမှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။

ရယ်မောတာရဲ့ကောင်းကျိုးက သွေးစီးဆင်းမှုကို ၂၀ ရာခိုင်နှုန်း ပိုမိုကောင်းမွန်စေပါတယ်။ ရယ်မောတာက ကျန်းမာရေးအတွက် ကောင်းမွန်တဲ့လုပ်ဆောင်ချက်တစ်ခုဖြစ်ပါတယ်။ တက္ကဆက်တက္ကသိုလ်ရဲ့လေ့လာမှုအရ ရယ်မောဖွယ်ကောင်းတဲ့ဇာတ်လမ်းကြည့်ပြီး ရယ်မောနေသူတွေရဲ့သွေးကြောတွေကကျယ်လာပြီး စိတ်မချမ်းမြေ့ဖွယ်ဇာတ်လမ်းကြည့်ပြီး ရယ်မောနေသူတွေရဲ့ သွေးကြောတွေက အနည်းငယ်ကျုံ့သွားတာကိုတွေ့ရပါတယ်။ သွေးကြောကျုံ့သွားတာက သွေးဖိအားမြင့်တက်လာပြီး သွေးတိုးရောဂါဖြစ်ပွားမှုကို ဦးတည်စေပါတယ်။ ရယ်မောတဲ့အခါ ဦးနှောက်ကနေစိတ်ခံစားမှုကောင်းစေတဲ့ ဟော်မုန်းတွေလည်း ပိုမိုထွက်ရှိပါတယ်။

နံနက်စာမှာ နို့သောက်တာက ကိုယ်အလေးချိန်ငါးပေါင်လျော့ကျစေတယ်လို့ဆိုပါတယ်။ နံနက်စာစားတဲ့အခါ အဆီထုတ်ထားတဲ့နွားနို့သောက်သုံးတာကြောင့် နေ့လယ်စာစားသုံးတဲ့အခါ ကယ်လိုရီ ၅၀ လောက်လျော့နည်းစားသောက်ဖြစ်တယ်လို့ အမေရိကန်အာဟာရဆိုင်ရာဆေးပညာဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။ ဒါ့ပြင် သကြားမထည့်ထားတဲ့ သဘာဝအချိုအရသာအတိုင်းဖျော်ထားတဲ့ သစ်သီးဖျော်ရည်သောက်သုံးတာကလည်း နွားနို့သောက်သလိုပဲ အာနိသင်ရရှိစေပါတယ်။ နွားနို့ကို နံနက်စာမှာပါဝင်အောင်သောက်သုံးတာကြောင့် တစ်နှစ်ကြာတဲ့အခါ ကိုယ်အလေးချိန် ငါးပေါင်ကျဆင်းစေပါတယ်။

TV Remote သုံးလေ့မရှိတာရဲ့ကောင်းကျိုးက ဝမ်းဗိုက်အဆီကို နှစ်လက်မလျော့ကျစေတယ်လို့ဆိုပါတယ်။ TV ကြည့်ဖို့အဖွင့်၊ အပိတ်လုပ်တာ၊ အသံအတိုး၊ အကျယ်လုပ်တာတွေကို Remote သုံးတာထက် TV နားအထိသွားပြီး ကိုယ်တိုင်လုပ်ဆောင်သင့်ပါတယ်။ ဩစတြေးလျပညာရှင်တွေရဲ့လေ့လာမှုအရ TV Remote အသုံးပြုသူတွေထက် ခါးအရွယ်အစားကို ၁၆ ရာခိုင်နှုန်း လျော့ကျသွားစေတယ်လို့တွေ့ရှိရပါတယ်။ TV နားသွားတဲ့အချိန်က တစ်မိနစ်လောက်ပဲရှိပေမယ့် ကိုယ့်ခါးအရွယ်အစားပေါ်သက်ရောက်မှုရှိတာတွေ့ရပါတယ်။ ဒီလိုလုပ်ဆောင်ချက်က ဘီအမ်အိုင်(BMI)နဲ့ သွေးတွင်းမကောင်းတဲ့အဆီဓာတ်နဲ့ သွေးတွင်းသကြားဓာတ်တွေကိုလည်း လျော့နည်းစေပါတယ်။ ဖုန်းဆက်တဲ့အခါမျိုးတွေမှာလည်း ထိုင်ခုံမှာထိုင်ပြီး စကားပြောတာထက် လမ်းလျှောက်စကားပြောတာက ခါးအရွယ်အစားလျော့ကျစေပါတယ်။ ကွန်ပျူတာအသုံးပြုတဲ့အခါ နာရီဝက်ထိုင်ပြီး ငါးမိနစ်လောက်လမ်းလျှောက်တာ၊ ရေသောက်တာမျိုးတွေလုပ်သင့်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် မိမိရဲ့ တစ်နေ့တာလုပ်ဆောင်ချက်တွေ၊ အပြုအမူတွေက လေ့ကျင့်ခန်းပြုလုပ်လိုက်သလိုမျိုး ကျန်းမာရေးကောင်းကျိုးရရှိနိုင်အောင် ကျန်းမာရေးဆိုင်ရာဗဟုသုတတွေကိုလည်း လိုက်နာကျင့်သုံးကြရင်း လူတိုင်းကျန်းမာပျော်ရွှင်တဲ့ဘဝကိုရရှိပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး

မြိတ် ဩဂုတ် ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသများရှိ ဒေသထွက်ကုန်သီးနှံမျိုးစုံကို ဈေးကွက်သို့ ရာသီမရွေးတင်ပို့နိုင်ရန် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ဩဂုတ်လ ၂၅ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများသည် ကျွဲကူးကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် ၄ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများကို ကွန်ကရစ်လမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသတ်မှတ်ထားသော စံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ် ၂၄၅ ဒသမ ၁၅ သန်းဖြင့် May Z Construction ကုမ္ပဏီမှ တာဝန်ယူ၍ ဇွန်လ ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျွဲကူးကျေးရွာ၌ စိုက်ပျိုးထားသော



သီးနှံများကို ရာသီမရွေး ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

# ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူးအယူခံမှု(၄)မှုတို့ကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု(၇)မှုနှင့် တရားမ အထူးအယူခံမှု(၂)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူး အယူခံမှုအမှတ် ၁၃/၂၀၂၄ (ကယား) နှင့် တရားမအထူးအယူခံမှုအမှတ် ၅/၂၀၂၄ (ရှမ်း)၊ ၁၄/၂၀၂၄ (မွန်)၊ ၂၃/၂၀၂၄ (ရှမ်း)၊ ၄၂/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၇/၂၀၂၄ (မန္တလေး)၊ ၈/၂၀၂၄ (မန္တလေး)၊ ၉/၂၀၂၄(မန္တလေး)၊ ၁၀/၂၀၂၄ (မန္တလေး)၊ ၁၁/၂၀၂၄(မန္တလေး)၊ ၁၂/၂၀၂၄(မန္တလေး) နှင့် တရားမအထူးအယူခံမှု အမှတ် ၃၈/၂၀၂၄ (စစ်ကိုင်း)၊ ၄၇/၂၀၂၄ (ရန်ကုန်) စုစုပေါင်း ရာဇဝတ် အထူးအယူခံမှု(၇)မှုနှင့်တရားမအထူးအယူခံမှု(၂)မှုတို့ကို ရုံးထိုင် ကြားနာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒေသခံတောင်သူများ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုအတွေ့အကြုံ၊ တောင်သူ့ဝင်ငွေနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၆



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ တောင်သူများ၏ ဝါစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ၏ ဝါစိုက်ပျိုး ထုတ်လုပ်မှု အတွေ့အကြုံ၊ တောင်သူ့ဝင်ငွေနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်ရေးဆိုင်ရာများကို ခင်မင်ရင်းနှီးစွာ မေးမြန်းဆွေးနွေးသည်။

ယင်းနောက် တောင်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ဝါတစ်ကေချင်း အထွက်တိုးတက်ရေးအတွက် အပင်စေ့ ကွင်းပြည့်စိုက်ပျိုးရန်နှင့် မျိုးရွေးချယ်အသုံးပြုမှုမှန်ကန်ရန် လိုအပ်ချက်များ၊ ပြည်တွင်းချည်ထည်ထုတ်လုပ်မှုအတွက် အရည်အသွေးကောင်းဝါဂွမ်းလိုအပ်ချက်နှင့် ဈေးကွက်အလားအလာများ၊ ဂွမ်းမွေးအရည်အသွေးကိုအခြေခံသည့်ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် ဝါလုပ်ငန်းရှင်များ၊ ဝါကြိတ်စက်ပိုင်ရှင်များ၊ အဝယ်တော်များနှင့် တောင်သူများပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မကွေးမြို့နယ် ကျစ်စုံပွေးကျေးရွာ တောင်သူ ဦးအောင်ကိုမင်း၏ မြေပဲသီးနှံခင်းကိုကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံသည်။

ဆက်လက်၍ မကွေးမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနခြံ၌ သုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များနှင့်တွေ့ဆုံ၍ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းကို ဒေသအလိုက် အထူးဇုန်များသတ်မှတ်ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုင်းအတွက် သုတေသန၏အရေးပါမှုနှင့် ဒေသသုတေသနခြံ(မကွေး)အနေဖြင့် မကွေးတိုင်းဒေသကြီးတွင် ဆီထွက်ပဲပုပ်သီးနှံ ဖြစ်ထွန်းနိုင်မှုအလားအလာအား သုတေသနပြုဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရှေးယခင်က ဒေသတွင် ဖြစ်ထွန်းအောင်မြင်ခဲ့သည့် နှမ်းကြီးမျိုးကို ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်မှရယူမျိုးပွားရန်၊ သုတေသနဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။ **(၅၀၀)**

## သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ် ရေကြီးမှုနှင့်စိုးရိမ်ရေမှတ်၌တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲခန့် (၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၅၄ ပေ (၈၇၀ စင်တီမီတာ) အောက် ၂ ပေခွဲခန့် (၇၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၈ ပေ (၆၀၀ စင်တီမီတာ) သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့၊ မဒေါက်မြို့၊ မြစ်ငယ်မြို့နှင့် တောင်ငူမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## လေးကြောင်းမျဉ်း

- ❍ ငယ်ငယ်တုန်းက၊ စာလုံးလှအောင်
  ရေးရဘောင်သွင်း လေးကြောင်းမျဉ်း။
- ❍ ဖြောင့်ညီသောမျဉ်း၊ လေးကြောင်းတွင်းဝယ်
  ထည့်သွင်းဘောင်ခတ်၊ ရေးသားတတ်မှ
  သပ်ရပ်စီရီ၊ ဝိုင်းစက်ညီကာ
  ပီသစာလုံး လှမဆုံး။
- ❍ ကျောင်းတော်သင်ပြ၊ ''လက်ရေးလှ''သို့
  ဘဝလှရေး ချင့်ဆ တွေးတော့...။
- ❍ ဗုဒ္ဓကိုယ်ပွား၊ မြတ်တရားဟု
  မှတ်သားထင်လင်း တစ်ကြောင်းမျဉ်း။
- ❍ သီလ ဒါန၊ ဆုံးအမနှင့်
  သံဃာ့ဂုဏ်ပေါင်း မျဉ်းတစ်ကြောင်း။
- ❍ သွန်သင်ယုယ၊ မိနှင့်ဖဟု
  မွေးမြထုံသင်း တစ်ကြောင်းမျဉ်း။
- ❍ တတ်သိပညာ၊ ပွဲပြင်ပါသည့်
  ဆရာထပ်လောင်း မျဉ်းတစ်ကြောင်း။
- ❍ ဤလေးကြောင်းမျဉ်း၊ ဘောင်အတွင်းဝယ်
  မကင်းမပြတ်၊ ရေးစီတတ်လျှင်
  ကျင့်မြတ် သိက္ခာ၊ မင်္ဂလာနှင့်
  အနာဂတ်လှ၊ ထွန်းတောက်ပလျက်
  ဘဝလက်ရေး၊ ပန်းချီရေးသို့
  ရေးလေသမျှ၊ လှမှလှ။
  သမိုင်းဂုဏ်လှ ထာဝရ။ ။

**ချစ်စုအောင်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၁) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်း သူများတက်ရောက်ခဲ့ကြပြီး ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းမိန့်ခွန်း ပြောကြားသည်။

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၁)သို့ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၈၂ ဦး၊ သင်တန်းသူ ၉၉ ဦး စုစုပေါင်း ၁၈၁ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ်လ ၂၆ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင် ၂၃၀ ဦးအား အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးနိုင်ခဲ့



ရန်ကုန် ဩဂုတ် ၂၆

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရဆရာတော်ကြီး၏ဩဝါဒကိုခံယူ၍သီတဂူမျက်စိအထူးကုအဖွဲ့၊ အထူးကုဆရာဝန်ကြီးများနှင့်သူနာပြုဆရာမများက ခေတ်မီစမ်းသပ်စစ်ဆေးသောစက်ကြီးများဖြင့် သတ္တမအကြိမ်မြောက်အခမဲ့စမ်းသပ်၊ စစ်ဆေးခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးခဲ့ရာ မျက်စိဝေဒနာရှင် ၂၃၀ ဦးကို အမြင်အလင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အခမဲ့၊ စမ်းသပ်၊ ခွဲစိတ်ခြင်းများ ဆောင်ရွက်ရာ ဩဂုတ်လ ၂၃ ရက်တွင် မျက်စိစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ဩဂုတ်လ ၂၄ ရက်တွင် မျက်စိဝေဒနာရှင် ၈၂ ဦးနှင့် ဩဂုတ်လ ၂၅ ရက်တွင် ၇၃ ဦး၊ ဩဂုတ်လ ၂၆ ရက်တွင် ၆၅ ဦး စုစုပေါင်း ၂၃၀ ဦးကိုခွဲစိတ်ပြီး အမြင်အလင်းပေးနိုင်ခဲ့သည်။

အဆိုပါအခမဲ့၊ စမ်းသပ်၊ ခွဲစိတ်ခြင်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိသီတဂူဆေးရုံတော် ကိုးထပ်ကျောင်းဆောင်၌ ဆောင်ရွက်ခဲ့ရာ အနယ်နယ်အရပ်ရပ်က မျက်စိဝေဒနာရှင်များလာရောက်ပြသကြကြောင်းနှင့် လာရောက်ပြသသူများကိုလည်း တည်းခို၊ နေထိုင်၊ သွားလာရေး အပြင်စားသောက်ဖွယ်ရာများကိုပါစီစဉ်ပေးနိုင်ခဲ့သည်။

ဆက်လက်၍ သတ္တမအကြိမ်မြောက် အခမဲ့ စမ်းသပ်၊ စစ်ဆေးခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးခဲ့ရာတွင် အမြင်အလင်းပေးနိုင်ခဲ့သည့် မျက်စိဝေဒနာရှင်များကို ဩဂုတ်လ ၃၁ ရက်တွင်အမြင်ပြန်လည်စမ်းသပ်စစ်ဆေးပေးသွားမည်ဖြစ်သည့် အပြင်(၈)ကြိမ်မြောက်တွင်မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေးခွဲစိတ်ကုသမှုများကို ခံယူလိုသည့်မျက်စိဝေဒနာရှင်များအနေဖြင့်လည်း စက်တင်ဘာလပထမပတ်တွင် စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

လင်းခန့်

# မော်လမြိုင်မြို့၊ ရှမ်းစုရပ်ကွက်ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၆

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရှမ်းစုရပ်ကွက်၊ ဆင်ဖြူစာသင်တိုက်ရှိ သံဃာတော်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၈၆ ပါး တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆင်ဖြူစာသင်တိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadiumတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉နာရီတွင် Futsal Chit Thu အသင်းနှင့် Bushido Team အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် M-Million FC အသင်းနှင့် Seven FC အသင်းတို့ကစားခဲ့ရာ Seven FC အသင်းက ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် MH Dream Team အသင်းနှင့် FCT Youth အသင်းတို့ ကစားခဲ့ရာ MH Dream Team အသင်းက ၁၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်းအနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁နာရီခွဲတွင် YRG FC အသင်းနှင့် Sar Bal Gyi Doh FC အသင်းတို့ကစားခဲ့ရာ YRG FC အသင်းက ၁၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် Gold Dream FC အသင်းနှင့် SGF FCအသင်းတို့ကစားခဲ့ရာ SGF FCအသင်းက ၉ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Pyae Sone Fc အသင်းနှင့် Generations FC အသင်းတို့ကစားခဲ့ရာ Generations FC အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် လည်းကောင်းအနိုင်ရရှိခဲ့ကြသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ်လ ၂၇ရက် နံနက် ၉ နာရီတွင် Let Wel Youth အသင်းနှင့် TG United အသင်း၊ နံနက် ၁၀နာရီခွဲတွင် RPG FC အသင်းနှင့် Futsal 19 FC အသင်း၊ မွန်းတည့် ၁၂ နာရီတွင် Yankin Brotherhood အသင်းနှင့် KKY FCအသင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် 7 Brother FC အသင်းနှင့် Winner Soccer အသင်း၊ ညနေ ၃ နာရီတွင် Taw Win Nan FC အသင်းနှင့် Shwe Pyi Thar United အသင်း၊ ညနေ ၄ နာရီခွဲတွင် UPK FC အသင်းနှင့် MIU FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ကလေး | ၃ | ဒသမ | ၂၃ | လက်မ |
| ကလေးဝ | ၂ | ဒသမ | ၆၀ | လက်မ |
| မော်လမြိုင် | ၂ | ဒသမ | ၅၆ | လက်မ |
| ဘားအံ | ၂ | ဒသမ | ၂၁ | လက်မ |
| နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၂ | ဒသမ | ၁၃ | လက်မ |
| မင်းကင်း | ၁ | ဒသမ | ၇၇ | လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၁ | ဒသမ | ၇၃ | လက်မ |
| ရှမ်းရွာသစ် | ၁ | ဒသမ | ၆၅ | လက်မ |
| စစ်တွေ | ၁ | ဒသမ | ၆၂ | လက်မ |
| ငပုတော | ၁ | ဒသမ | ၆၂ | လက်မ |

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အနုပညာနှင့်ခန္ဓာ | ကဲဆုသာ၊အောင်သူရ | ဦးစောထူးအယ်မူး တိရဇစာပေတိုက် |
| ၂။ | ရွှေလက်ရာစနစ်သစ်၊ သင်ရိုးသစ် GRADE-9 နဝမတန်း၊ သင်္ချာ WORK BOOK | ဒေါ်မင်းမင်းစိုး (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် ရွှေလက်ရာစာပေ |
| ၃။ | ရွှေလက်ရာစနစ်သစ်၊ သင်ရိုးသစ် GRADE-9 နဝမတန်း၊ အင်္ဂလိပ်စာ WORK BOOK | ဦးမိုးနော် (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် ရွှေလက်ရာစာပေ |
| ၄။ | အမှောင့်ပယောဂ | ကိုနေ(မန်း) | ဦးမြင့်ကျော်စိုး ကိုနေမန်းစာပေ |
| ၅ | THE ANANDA TEMPLE AT BAGAN | ဒေါက်တာသန်းထွန်း | ဦးသိန်းလွင် Bagan Princess Publications |

ပြန်ကြားရေးဝန်ကြီးဌာန

# ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုစနစ်တကျဆောင်ရွက်နေရန်လို၊ ပြည်သူ့စစ်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ နယ်မြေလုံခြုံတည်ငြိမ်ရေးကိုဆောင်ရွက်သွားရမည်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ်လမ်းညွှန်မှာကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

❍ ကျောဖုံးမှအဆက်

လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လို**ကြောင်း၊ **ပြည်သူ့စစ်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ နယ်မြေလုံခြုံတည်ငြိမ်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လမ်းပန်းဆက်သွယ်မှုများလုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်

**စာမျက်နှာ ၁၂ သို့** ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များက ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏မိသားစုဝင်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

❍ **စာမျက်နှာ ၁၁ မှအဆက်**

ရရှိရေးဆောင်ရွက်ရန်လိုအပ်မှုနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သောအရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည်လည်း ဆေးရုံအမျိုးသမီးကုသဆောင်၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအားမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏မိသားစုဝင်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဩဂုတ် ၂၆**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ရောက်ရှိပြီး အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများကို စက်ရုံအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သည် နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသော ဆောက်လုပ်ရေးနှင့် စက်မှုလုပ်ငန်းသုံး သံမဏိများ ထုတ်လုပ်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် စက်ရုံတစ်ရုံဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံကို စဉ်ဆက်မပြတ်လည်ပတ်ထုတ်လုပ်နိုင်ရေးသည် အရေးကြီးကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းအပိုင်း(၂)နှင့် အပိုင်း(၃)တို့မှ ထွက်ရှိလာမည့်ကုန်ချောများသည်လည်း နိုင်ငံတော်၏အခြေခံအဆောက်အဦများဖြစ်သည့် လမ်းတံတားစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများအတွက် မရှိမဖြစ်အသုံးပြုရမည့် ကုန်ကြမ်းများဖြစ်ကြောင်း၊ မိမိတို့စက်ရုံ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရန် ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ စက်ရုံစားရိပ်သာခန်းမ၌ စက်ရုံမှူးအပါအဝင်အရာထမ်းများ၊ အမှုထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံရှိ အလုပ်ရုံတစ်ခုချင်းအလိုက် စက်ပြန်လည်လည်ပတ်နိုင်ရေး စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) အထောက်အပံ့ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဖော်ဆောင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့် ဒေသခံလူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂံဒေသရှိ ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့်တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ယခုသင်တန်းသည် ဩဂုတ်လ ၂၃ ရက်က မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များကို မြန်မာနိုင်ငံသို့ဖိတ်ခေါ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ(၂၀၂၃)ဖြင့်ကျင်းပခဲ့သည့် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး ဆွေးနွေးပွဲ၏ ဆွေးနွေးချက်များကို အခြေခံ၍ ဖွင့်လှစ်သည့်သင်တန်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံရေးအကြောင်းပြဖောက်ခွဲဖျက်ဆီးခံနေရသော ပြည်သူပိုင်ရထားလမ်းနှင့် လမ်း/တံတားများ"** ခေါင်းစဉ်ဖြင့် ၂၈-၈-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထားတိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅˚c | / ၃၂.၂˚c |
| ရန်ကုန် | ၂၄˚c | / ၃၂.၀˚c |
| မန္တလေး | ၂၆˚c | / ၃၆.၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အဂတိပယ်ချွာ ပြည်သာယာ

**အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်လာစေရေး၊ နိုင်ငံသားများ၏ဘဝများ သာယာဝပြောလာစေရေးနှင့် နိုင်ငံ၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ စုပေါင်းအင်အားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း . . . . .**

နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ အသီးသီးတို့ကို တည်ဆောက်ပဲ့ပြင်ကြရာ၌ လေးနက်တည်ကြည်စွာမဆောင်ရွက်ဘဲ အဂတိလိုက်စားပါက အတိဒုက္ခဖြစ်စေသည့် ဘေးအန္တရာယ်ကြီး တစ်ရပ်ဖြင့် ရင်ဆိုင်ရဖွယ်ဖြစ်ကြောင်း ပြောဆိုဆွေးနွေး ရေးသားဖွင့်ဆိုနေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။ အဂတိလိုက်စားခြင်းသည် အဂတိလိုက်စားခဲ့သည့်ပုဂ္ဂိုလ်သာမက ယင်း၏အဖွဲ့အစည်းများကိုယ်တိုင်ပင်လျှင် ဘေးအန္တရာယ် အဘယ်မျှကြီးမားနေကြောင်း သိရှိရမည်ဖြစ်သည်။

အဂတိလိုက်စားမှုကြောင့် ကြုံတွေ့နိုင်သော ဘေးအန္တရာယ်များမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီသလို ခေတ်ကာလတစ်ခုနှင့်တစ်ခုလည်း မတူညီနိုင်ပေ။ အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန် ဥပဒေ၊ တရားစွဲအဖွဲ့အစည်း၊ စီရင်မည့်တရားရုံးတို့ကို ပြဋ္ဌာန်းဖွဲ့စည်းခန့်အပ်၍ ဆောင်ရွက်လျက်ရှိသော်လည်း အဂတိလိုက်စားမှုကို ထိရောက်စွာအရေးယူနိုင်ခြင်း မရှိသေးသည့်အတွက် အဂတိလိုက်စားမှုသည် ဘေးအန္တရာယ်ကြီးတစ်ခုသဖွယ် တိုးမြင့်လျက်ရှိကြောင်း တွေ့ရမည်ဖြစ်ပေသည်။

အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်ကိုလေ့လာကြသည့်အခါတွင် များသောအားဖြင့် ဦးစားပေးစဉ်းစားနေကြသည်မှာ ဥပဒေကြောင်းအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သော ငွေကြေးနှင့်တံစိုးလက်ဆောင် အပေးအယူကိစ္စမျှသာဖြစ်သည်။ ငွေကြေးနှင့်တံစိုးလက်ဆောင်အပေးအယူသည် စီးပွားရေးလုပ်ငန်း တစ်ခုလုံးအတွက် ကုန်ကျစရိတ်တွင် အစိတ်အပိုင်း တစ်ခုအဖြစ်ပါဝင်နေပြီး အကျိုးအမြတ်တွက်ခြေ ကိုက်မှု၊ မကိုက်မှုအပေါ်တွင် စွန့်စားဆောင်ရွက်ခြင်း ဖြစ်သည်။ သို့သော် ထို့ထက်အဆများစွာ ပိုဆိုးသည်မှာ ကိန်းဂဏန်းဖြင့်ဖော်ပြ၍မရသော ဆုံးရှုံးမှုမှာ လုပ်ငန်းရှင်များနှင့်လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ကျင့်ဝတ်သိက္ခာနှင့်ဖြောင့်မတ်တည်ကြည်မှုတို့ကို ဂုဏ်သိက္ခာများနှင့်အတူ ပေးဆပ်လိုက်ရခြင်း ဖြစ်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

အဂတိလိုက်စားမှုဖြစ်ပွားရခြင်း၏ အရင်းခံအကြောင်းတရားများသည် စိတ်စေတနာနည်းပါးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခများ၏ အကျိုးဆက်များပင် ဖြစ်သည်။ အဂတိလိုက်စားမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ပြီး လူတစ်ဦးချင်းစီ၏အကျင့်စာရိတ္တကိုပျက်စီးစေသည့်အပြင် မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများကိုလည်း ကျဆင်းစေနိုင်သည်။ အဂတိလိုက်စားမှုသည် ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ကို လျော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့်နိုင်ငံသားအခွင့်အရေးတို့ကို ခြိမ်းခြောက်လာစေသည်။ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းရမည့်ကျင့်ဝတ်၊ စံတန်ဖိုးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာခိုင်မာမှုတို့အတွက် အဟန့်အတားလည်းဖြစ်ပေါ်လာသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများကို အပြန်အလှန်ထိန်းကျောင်းရင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် အဓိကထားဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေသည် ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ထုတ်ပြန်လိုက်သည့်နောက်တွင်မူ အခြေအနေအတော်အတန် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ အဂတိလိုက်စားခြင်းကိုအသုံးချပြီး စွန့်စားစီးပွားရှာလိုသူများအတွက် ဘေးအန္တရာယ်ကင်းလွတ်နယ်မြေ ကျဉ်းမြောင်းသွားစေခဲ့သည်။ တံစိုးလက်ဆောင်ပေးခြင်းတွင် ယခင်က ပေးသူဘက်ကို မသိကျိုးကျွံပြုခဲ့သလို ဖြစ်နေရာမှ ယခုအခါ တံစိုးလက်ဆောင်ပေးသူရော၊ ယူသူပါ အရေးယူနိုင်သည့်အခြေအနေဖြစ်လာခဲ့သည်။ တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ခိုင်လုံသောစာရင်းဇယားကိန်းဂဏန်း အထောက်အထားများအရ ပြည်သူ့ဘဏ္ဍာရန်ပုံငွေကြေးနှင့်ပစ္စည်းများ ဆုံးရှုံးစေခဲ့ပြီဆိုလျှင် အဂတိလိုက်စားမှုဥပဒေအရ တရားစွဲဆိုခံရတော့မည်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် အဂတိလိုက်စားမှုကို နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ရန်အတွက်ဆိုလျှင် တာဝန်ရှိသူ အဆင့်ဆင့်က အသိစိတ်ဓာတ်ပြည့်ဝစွာ အဂတိလိုက်စားမှုကင်းစင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ် ထူထောင်ရန်ဝိုင်းဝန်းဆောင်ရွက်ပြီး ပြည်သူ ပူးပေါင်းပါဝင်မှုရအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

တည်ဆဲအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အရဆိုလျှင် အဂတိလိုက်စားသူများအတွက် ဥပဒေ အရ အရေးယူခံရနိုင်သော ဘေးအန္တရာယ်က တစ်စထက်တစ်စ ပိုမိုကြီးမားလာနေပြီဟုဆိုနိုင်မည်ဖြစ်သည်။ ဥပဒေအရ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ အပါအဝင် ပိုင်ဆိုင်မှုများ ဖော်ထုတ်သိမ်းဆည်းခံရနိုင်သော ဘေးအန္တရာယ်ကလည်း ယှဉ်တွဲပါလာနေသည်။ ဂုဏ်သိက္ခာဆုံးရှုံးစေမည့်အန္တရာယ်ကတော့ ပြောစရာမလိုတော့ပါ။ မူလက ရာထူးဌာနန္တရရှိသောပုဂ္ဂိုလ်များ၊ ကြွယ်ဝချမ်းသာသူများသည် မိမိတို့ကိုအပ်နှင်းထားသည့်အာဏာနှင့် လုပ်ပိုင်ခွင့်များပါဆုံးရှုံးစေသည့် ဘေးအန္တရာယ်ကလည်း အသေအချာရှိနေပြီဖြစ်သည်။ ထို့ပြင် ဆက်စပ်အကြောင်းခြင်းရာများကြောင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ငွေရေးကြေးရေး၊ မိသားစုအရေးနှင့်ပတ်သက်၍လည်းကောင်း၊ မမျှော်မှန်းထားသော အခြေအနေများ ပေါ်ပေါက်လာနိုင်သည့်ဘေးအန္တရာယ်ကလည်းရှိနေပြီဖြစ်သည်။ ဂုဏ်သတင်းအရလည်းကောင်း၊ ယုံကြည်မှုအရလည်းကောင်း၊ နိုင်ငံတကာကျင့်ဝတ်များအရလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံး ဗုန်းဗုန်းလဲပြီး အရေးပေါ်အခြေအနေနှင့်ရင်ဆိုင်ရသည့် ဘေးအန္တရာယ်၊ လူတောမတိုးဝံ့အောင်ဖြစ်စေသော ကိုယ်ကျင့်တရားဆုံးရှုံးစေသည့်အန္တရာယ်၊ ဘဝတစ်လျှောက်လုံးတွင် ကြိုးပမ်းအားထုတ်ထားခဲ့သော မျှော်လင့်ချက်အားလုံးကို လက်လွှတ်ဆုံးရှုံးစေသည့်ဘေးအန္တရာယ်၊ တစ်သက်တာကာလ လိုက်နာစောင့်ထိန်းထားမှုများ၊ ဝတ္တရားများပျက်ကွက်ဆုံးရှုံးစေသည့်ဘေးအန္တရာယ်နှင့် နောက်ဆုံးတွင် မိမိနှင့်မိသားစုဝင်များသည် မိမိကျင်လည်ကျက်စားခဲ့သည့်ပတ်ဝန်းကျင်မှထွက်ခွာသွားရသည့်ဘေးအန္တရာယ်အထိ ရောက်ရှိနိုင်သည့်အပြင် အဂတိလိုက်စားမှုသည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှင့် ပြည်သူလူထု၏လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလွယ်ကူလျင်မြန်စွာဝင်ရောက်နိုင်ရေးတို့ကိုပါ ထိခိုက်စေမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် မေလ ၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ပါရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအခန်းဆက်ဆောင်းပါး၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးတရားစွဲတင်ဆောင်ရွက်ခဲ့သည့် အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော်တို့ဖြစ်သည်။ နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၅ ဒသမ ၈၅၅ ဘီလီယံကျော်နှင့် ယူရို သုံးသန်းကျော်တို့အပြင် နိုင်ငံတော်ကရရန်ရှိသည့်ငွေကြေးများ၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း လေ့လာဖတ်ရှုရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါငွေကြေးများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ပေးပို့သည့် သတင်းပေးတိုင်ကြားချက်များကြောင့် နိုင်ငံတော်ပိုင်ငွေကြေးများ၊ ပြည်သူ့ဘဏ္ဍာငွေများဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်မှုပင်ဖြစ်သည်။ သို့ရာတွင် ပေးသူနှင့်ယူသူပါ သဘောတူကျေနပ်ပြီး အဂတိလိုက်စားမှုကျူးလွန်နေသူများလည်း ရှိနေဦးမည်ဖြစ်သည်။ သတင်းပေးပို့သူ Third Party မရှိခြင်းကြောင့်လည်းကောင်း၊ သတင်းပေးပို့တိုင်ကြားလိုသော်လည်း သတင်းပေးပို့တိုင်ကြားသူအား အကာအကွယ်ပေးသည့် Whistleblower Protection Law ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ဆဲအခြေအနေတွင်ရှိခြင်းနှင့် သက်သေအကာအကွယ်ပေးမည့်အစီအမံနှင့်လုပ်ထုံးလုပ်နည်းများ မရှိသေးခြင်းသည်လည်း အဂတိလိုက်စားမှု ကျူးလွန်သူများအတွက် ကြီးမားသော ငွေဝင်ပေါက်တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်လာစေရေး၊ နိုင်ငံသားများ၏ဘဝများ သာယာဝပြောလာစေရေးနှင့် နိုင်ငံ၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်တိုက်ဖျက်ရေးလုပ်ငန်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ စုပေါင်းအင်အားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းခြင်းဖြင့် "အဂတိပယ်ချွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ဟူ၍ ရေးသားဖော်ပြအပ်ပါသည်။ ။

**မောင်တည်ကြည်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူတို့က အွန်လိုင်းမှတက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရအပြည့်ဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ပြီး အားကစား အဆင့်အတန်းမြင့်မားရေးအတွက် ကျင်းပမည်ဟု ပြောကြားခဲ့ပါကြောင်း၊ အမျိုးသားအားကစားပွဲတော်ကို ခမ်းခမ်းနားနားကျင်းပရခြင်းမှာ ပြည်သူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေရေးနှင့် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ယခုအားကစားပွဲတော်သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အရေးပါအလေးနက်ထားရမည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့်အမျိုးသားအားကစားပွဲတော်အလံကို Free Fall လေထီးဖြင့် ကွင်းအတွင်းသယ်ဆောင်ခြင်း အစီအစဉ်၊ အခမ်းအနားအစီအစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာများ အချိန်မီတင်ပြနိုင်ရေး၊ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအပါအဝင် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက ကျောင်းသား၊ ကျောင်းသူများ၏ (Performance) သရုပ်ဖော်အကအလှများ ဆောင်ရွက်ထားရှိမှု၊ မီးရှူးမီးပန်း အလှဆင်ပစ်ဖောက်ရန်ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင်ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးဆောင်ရွက်ထားရှိမှု စသဖြင့်အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။ (မဝ)

# နေပြည်တော်ကောင်စီ သန်းခေါင်စာရင်းဆိုင်ရာ တိုင်းအဆင့် နည်းပြသင်တန်းဖွင့်လှစ်ပို့ချနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်ကြည့်ရှု



နေပြည်တော် ဩဂုတ် ၂၆

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ တိုင်းအဆင့် နည်းပြသင်တန်းသို့ သွားရောက်ကြည့်ရှု အားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူရာတွင် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက ရုံးချုပ်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နည်းပြများနှင့် တာဝန်ရှိသူများက သင်တန်းပို့ချမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သန်းခေါင်စာရင်းဆိုင်ရာ သင်တန်းပို့ချနေမှုကိုကြည့်ရှုကာ သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ဗဟိုအဆင့် နည်းပြသင်တန်းကို နေပြည်တော်(ရုံးချုပ်)၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အဆိုပါနည်းပြသင်တန်းဆင်းအရာရှိများက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ဩဂုတ်လ ၁၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သည့် တိုင်းအဆင့်နည်းပြသင်တန်းများတွင် ဆင့်ပွားရှင်းလင်းပို့ချလျက်ရှိကြောင်းနှင့် ခရိုင်အဆင့် နည်းပြသင်တန်းများနှင့် မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကိုသတ်မှတ်ရက်များအတိုင်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ)

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**နှင့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ**တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**နှင့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ**တို့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီဖြစ်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

## ထူးခြားသည့်နေ့အပူချိန်များ

၂၆-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| ညောင်ဦး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

✰ စာမျက်နှာ ၁၇ မှအဆက်

အနာဂတ်ကိုတည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်နှင့် နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများကြား၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေးများဆုံးရှုံးမှု မရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေသူများအားလုံး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ ပညာတတ်သကဲ့သို့ စာဖတ်ရန်လည်းလိုအပ်မည်ဖြစ်သဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် ပညာသင်ကြားခြင်းမပြုနိုင်တော့သည့် အရွယ်သို့ရောက်ရှိနေသူများအနေဖြင့်အသိပညာများ၊ အတတ်ပညာများကိုလေ့လာဆည်းပူးနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးငယ်များ၏ စာဖတ်ခြင်းအလေ့အကျင့်ကောင်းနှင့် စာဖတ်စွမ်းအားများတိုးတက်လာပြီး ဗဟုသုတအသိအမြင်များ ပိုမိုသိရှိလာမည်ဖြစ်ကြောင်း။

**သင်တန်းကာလအတွင်း စနစ်တကျသင်ယူ၍ မိမိတို့တာဝန်ထမ်းဆောင်ရာ ဒေသများ၌ ပညာရည်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်လို**

ယခုကောလိပ်တွင်နိုင်ငံအဝန်းနယ်ပေါင်းစုံမှလာရောက် သင်တန်းတက်ကြခြင်းဖြစ်သဖြင့် မိမိတို့ဒေသအလိုက် ပညာရည်မြှင့်တင်ရေးမည်သို့ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်မည်ဆိုသည်ကို စဉ်းစားတွေးတော၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ နိုင်ငံကောင်းမွန်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နယ်မြေအလိုက်ကြုံတွေ့ရသည့်အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖတ်ရှုမှတ်သားခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက လေးနှစ်တာကာလအတွင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လေးနှစ်တာကာလအတွင်း လေ့ကျင့်ရေးများကို စနစ်တကျ လိုက်ပါဆောင်ရွက်ပြီး အဆိုပါလေ့ကျင့်ခန်းများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်အသုံးချရန်လိုကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခြင်းများ၊ စည်းကမ်းနှင့်အညီ နေထိုင်သွားလာခြင်းများကို မိမိတို့သင်ကြားပေးရမည့် ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်ယူခြင်းများဆောင်ရွက်ချိန်တွင် စနစ်တကျသင်ယူသွားမည်ဆိုပါက သင်ကြားရေးကို အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စာဖတ်မပျင်းရန်လိုပြီး ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများ ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားဒေသများတွင် အတန်းပညာသင်ကြားရန်အတွက် ဘာသာစကားအခက်အခဲများရှိနိုင်ကြောင်း၊ ယခုပညာရေးဒီဂရီကောလိပ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်သည့် နေရာဒေသများသို့ရောက်ရှိပါက ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်မှုရှိစေရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားခြင်းဖြင့် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာနိုင်မည်ဖြစ်ကြောင်း။

သင်တန်းပြီးဆုံး၍ တာဝန်ထမ်းဆောင်ရာတွင်လည်း စာပေဖတ်မှတ်လေ့လာခြင်းများကိုဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ကိုလေ့လာခြင်းနှင့်ပတ်သက်၍လည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ကျေးရွာနှင့်မြို့များအလိုက် အတွေ့အကြုံများ၊ အသိအမြင်များ အနည်းနှင့်အများ ကွာခြားနိုင်မည်ဖြစ်ပြီး မိမိတို့ကြုံတွေ့ရသည့် လူနေမှုစနစ်များနှင့်အညီ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကို ပြုပြင်ပေးနိုင်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပညာဆိုသည်မှာ စာပေသင်ကြားခြင်းသာမက အသိပညာ၊ အတတ်ပညာများလည်း ပါဝင်ကြောင်း၊ လေးနှစ်တာကာလအတွင်း စနစ်တကျသင်ယူသွားမည်ဆိုပါက မီးအလင်းရောင်နှင့်တူသည့်ပညာများကို ရရှိမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း ရရှိခဲ့သည့်အတွေ့အကြုံများ၊ ပညာများကို မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင်ပြန်လည်သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **နိုင်ငံတော်ကို ခိုင်မာသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက်စည်းကမ်းစနစ်ကျသည့်လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ပိုင်းဝန်းဖော်ဆောင်ပေးကြရမည်ဖြစ်**ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်ရယူ၍ အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့် ပုံဖော်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် **ယခုကောလိပ်မှ သင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ ဘဝတစ်လျှောက်အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ် စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတ ရသ စာအုပ်စာစောင်များ၊ သင်ထောက်ကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“လှပသာယာ ပြည်မြန်မာ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့်ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့်ဗီဒီယိုများ၌အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၀၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိ


နေပြည်တော် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၈-၈-၂၀၂၄ ရက် ည ၈ နာရီမှ ၂၅-၈-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၇၆၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၇ ရာခိုင်နှုန်း ဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကလေး | (၃.၂၃)လက်မ |
| ကလေးဝ | (၂.၆၀)လက်မ |
| မော်လမြိုင် | (၂.၅၆)လက်မ |
| ဘားအံ | (၂.၂၁)လက်မ |
| နေပြည်တော် (ဥတ္တရသီရိ) | (၂.၁၃)လက်မ |
| မင်းကင်း | (၁.၇၇)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၁.၇၃)လက်မ |
| ရှမ်းရွာသစ် | (၁.၆၅)လက်မ |
| စစ်တွေ | (၁.၆၂)လက်မ |
| ငပုတော | (၁.၆၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၄ |
| ရှမ်း(မြောက်) | ၂၀ | ၃၀ |
| ရှမ်း(အရှေ့) | ၂၀ | ၃၁ |
| ရှမ်း(တောင်) | ၁၈ | ၂၅ |
| ချင်း | ၁၃ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၄ |
| နေပြည်တော် | ၂၅ | ၃၂ |
| မန္တလေး | ၂၆ | ၃၇ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၃ | ၂၉ |
| ပဲခူး | ၂၃ | ၃၀ |
| ရန်ကုန် | ၂၄ | ၃၃ |
| ဧရာဝတီ | ၂၄ | ၃၀ |
| ကယား | ၂၃ | ၃၁ |
| ကရင် | ၂၄ | ၃၁ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၃ | ၂၉ |






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားတွေ့ဆုံ၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်ကို ခိုင်မာသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ပိုင်းဝန်းဖော်ဆောင်ပေးကြရမည်

☆ ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်နှင့် ဆရာ၊ ဆရာမများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကောလိပ်ရှိပညာတန်ဆောင်စုပေါင်းခန်းမ၌ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်က မန္တလေးပညာရေးဒီဂရီကောလိပ်ဆိုင်ရာအချက်အလက်များ၊ ပညာသင်ကြားပေးနေမှုအခြေအနေများနှင့် ပညာရေးဆိုင်ရာအဆောက်အဦလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မန္တလေးပညာရေးဒီဂရီကောလိပ်မှနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုအရ မိမိတို့နိုင်ငံ၏ပညာရေးအားနည်းချက်များကို တွေ့မြင်ရကြောင်း၊ အဆိုပါအားနည်းချက်များကို ပြုပြင်ပြောင်းလဲပြီး လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံတော်ကိုတည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များပေါ်ကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ကောလိပ်မှ နည်းပြဆရာ၊ ဆရာမများ၊ သင်ကြားရေးဝန်ထမ်းများဖြစ်လာမည့် သင်တန်းသား၊ သင်တန်းသူများကို နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍတို့နှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူစဉ်။

**■ လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံတော်ကိုတည်ဆောက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ် . . .**

**■ အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေသူများအားလုံး အတန်းပညာများအမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လို . . .**

**■ တန်းစဉ်ကူးပြောင်းမှုများမြင့်မားခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များပေါ်ကြွယ်ဝလာနိုင်မည်ဖြစ် . . .**

**■ ယခုကာလိပ်မှ သင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ဘဝတစ်လျှောက် အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် တစ်တပ်တစ်အားပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို . . .**

အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲများရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားချိန်၌ တပ်မတော်အနေဖြင့် အဆိုပါအချိန်တွင် တာဝန်ယူထားသည့်အစိုးရအား ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အကြံပြုခဲ့သော်လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါဖြစ်ပေါ်လာခဲ့သည့်အချိန်တွင် အစိုးရအနေဖြင့် ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အခက်အခဲများရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားခြင်းကြောင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအချိန်သည် ရွေးကောက်ပွဲပြုလုပ်ရမည့်အချိန်ဖြစ်သဖြင့် ခေတ္တဆိုင်းငံ့ထားရန် တပ်မတော်အနေဖြင့် အကြံပြုခဲ့သော်လည်း အစိုးရမှလက်မခံဘဲ ဆက်လက်ပြုလုပ်ခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကိုအကြောင်းပြု၍ အဆိုပါအချိန်တွင် တာဝန်ယူထားသည့် အစိုးရအနေဖြင့် ၎င်းတို့ပါတီအနိုင်ရရှိစေရေး ကြိုတင်မဲပေးရာတွင်လည်းကောင်း၊ မဲစာရင်းပြုစုရာတွင်လည်းကောင်း မဲမသမာမှုများပြုလုပ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲပြီးဆုံး၍ မဲစာရင်းများထုတ်ပြန်ခဲ့ချိန်တွင် မဲစာရင်းများကြီးမားစွာကွာဟမှုများဖြစ်ပေါ်နေသည့်အတွက် နိုင်ငံရေးပါတီများက တပ်မတော်မှစိစစ်ပေးနိုင်ရေး တောင်းဆိုမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် မဲမသမာမှုများဖြင့် ရရှိလာသည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကိုအဓမ္မရယူရန် လုပ်ဆောင်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အားအရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ မဲမသမာမှုများကိုလုပ်ဆောင်ရာတွင် NLD ပါတီဗဟိုအမှုဆောင်များနှင့် အချို့ဒေသများတွင် ဝန်ကြီးချုပ်များပင်ပါဝင်သည်ကို တွေ့ရကြောင်း၊ အဆိုပါမဲမသမာမှုဖြစ်စဉ်မှတစ်ဆင့် ဆူပူဆန္ဒပြမှုများ၊ လူစုလူဝေးဖြင့်အကြမ်းဖက်မှုများ၊ ထိုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်ဖြစ်စဉ်များအထိ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲမသမာမှုကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့်ဖြေရှင်းရန်လုပ်ဆောင်လာခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းကို သုံးသပ်ရမည်ဆိုပါက မိမိတို့နိုင်ငံ၌ ပညာတတ်များနည်းပါးခြင်းကြောင့်ဖြစ်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးကိုမကြည့်ဘဲ လက်နက်ကိုင်အကြမ်းဖက်မှုများဖြင့် နိုင်ငံတော်၏အနာဂတ်ကို ဖျက်ဆီးနေကြခြင်းပင်ဖြစ်ကြောင်း။

**ပညာရည်မြင့်မားရေး အလေးပေးဆောင်ရွက်လျက်ရှိ**

ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ပတ်သက်၍ အနည်းငယ်ပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများနှင့်လက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများအနေဖြင့် နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ရသည့်အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်၍ ရသည်များရှိသကဲ့သို့ ပြန်လည်စိစစ်ခဲ့ရာ မဲမသမာမှုမှာ ၁၀ သန်းကျော်ခန့်ရှိခဲ့ကြောင်း၊ အဆိုပါမဲစာရင်းများ မှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများထံသို့ ပြောကြားခဲ့သော် ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးကိုအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာတတ် လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်၏ **စာမျက်နှာ ၁၅ သို့** ✰

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays obeisance to Swe Taw Myat Pagoda (Mandalay)

NAY PYI TAW August 26

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by their entourage and officials, paid obeisance to Swe Taw Myat Pagoda (Mandalay) at the Maha Dhammaranthi hill near Shardawlay Village in Amarapura Township in Mandalay District in Mandalay Region this morning.

First, the Senior General and wife and party were welcomed by members of the pagoda board of trustees. Then, they paid obeisance to the pagoda and offered flowers, water and lights to Buddha images before presented cash donations for all-round development of the pagoda to members of the pagoda board of trustees.



Senior General Min Aung Hlaing pays homage to the upper left sacred tooth relic.

Afterward, the Senior General and party paid obeisance to the upper left scared tooth relic enshrined in the pagoda.

Then, the Senior General and party walked round the pagoda clockwise and inspected maintenance tasks for the pagoda before giving instructions on magnificence and maintenance tasks of the pagoda.

Afterward, the Senior General, wife and the party paid obeisance to Presiding Nayaka State Ovada Cariya Abhidhaja Maha Ratha Guru Abhidhaja Agga Maha Saddhamajotika Agga Maha Pandita Bhaddanta Vicarinandavivamsa and asked after the health of the Sayadaw before giving instructions to official to provide the needs of the Sayadaw.

Then, the Senior General and wife offered bird's nests, nutritional suppliment, cash donations to the Sayadaw.



Senior General Min Aung Hlaing and wife offer alms to Presiding Nayaka State Ovada Cariya Abhidhaja Maha Ratha Guru Abhidhaja Agga Maha Saddhamajotika Agga Maha Pandita Bhaddanta Vicarinandavivamsa.

**100**

# More than 17,000 acres of summer paddy harvested in Dabayin Township

DABAYIN August 26

Statistics of YeU District Agriculture Department stated that a total of 17,262 acres of summer paddy has been harvested in Dabayin Township of Sagaing Region.

Harvesting of summer paddy started in June in Dabayin Township and so far, local farmers have reaped 17,262 acres of summer paddy, yielding 85,47 baskets per acre.

U Zaw Tun Myint, Head of YeU District Agriculture Department said: "Local farmers planted 17,262 acres of summer paddy in the township. So far, all sown acreage of summer paddy has been harvested. Agricultural staff helped local farmers prevent pests, minimize loss and damage of crops and keep harvested paddy under shelters in time."

Summer paddy was grown in the township, from February to April. The township earmarked 50,360 acres of summer paddy but local farmers planted 17,262 acres.

Officials of Township Agriculture Department provided quality strains of paddy seeds, making natural fertilizers and growing of crops on a commercial scale.

Farmers have been reminded to follow guidelines issued by Agriculture Department for growing summer paddy and other crops in time. **SK**

# Cultivation of oil crops completed on more than 17,000 acres of croplands

MINGIN August 26

Mingin Township Agriculture Department stated that a total of 17,388 acres of oil crops has been planted as monsoon crops in Mingin Township of Sagaing Region.

In 2024-2025 monsoon, local authorities in Mingin Township earmarked cultivation of 27,162 acres of oil crops but local farmers started cultivation of 17,388 acres from May.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department said: "Local farmers have planted more than 17,000 acres of oil crops against the target of more than 27,000 acres in the township this year with greater efforts to meet the target cultivation. Oil crop plantations are thriving in the farms."

This year, local farmers have grown 8,155 acres of groundnut, 8,989 acres of sesame and 244 acres of Thitseint, totalling 17,388 acres.

The township planned to grow 5,905 acres of groundnut and 21,257 acres of sesame, totalling 27,162 acres this year.

Agricultural staff helped local farmers expand sown acreage of oil crops, use GAP system and choose quality strains of crops for boosting per-acre yield of crops.

**SMK**

# SAC Chairman Prime Minister Senior General Min Aung Hlaing meets tutors, teachers and students at Mandalay Education Degree College

## As teachers-to-be, students of Mandalay Education Degree College have to continuously read literature to disseminate knowledge and correct thoughts to their environments



Senior General Min Aung Hlaing meets tutors, teachers and students at Mandalay Education Degree College.

NAY PYI TAW August 26

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, the Mandalay Region Chief Minister and officials this morning visited Mandalay Education Degree College of the Teacher Training Department of the Ministry of Education and met tutors and trainees.

First, Deputy Minister for Education Dr Moe Zaw Tun, Principal of the degree college Daw Moe Moe Kyi and teachers welcomed the Senior General.

At Pyinnya Tazaung Assembly Hall of the degree college, the Senior General met with tutors and trainees. Principal Daw Moe Moe Kyi reported to the Senior General on facts about the Degree College, academic measures and needs of educational buildings.

In his discussion, the Senior General said that he was glad to meet those tutors and trainees from the degree college. According to the population and household census collected in 2014, weak points in educations sector can be seen in Myanmar. By addressing these weaknesses, it is necessary to encourage education sector without fail for building the State with good human resources. Only when number of educated human resources increase will the State develop.

**Political changes of the State**

The Senior General said that he would like to explain some points of the political changes of the State and education sector to tutors of the Degree College and trainees who would be educational staff. Tatmadaw has been shaping the State with the implementation of the multi-party democratic system the people aspire to since 2011. Joining hands with the elected government, Tatmadaw has been undertaking development of the State. In some measures to serve the interests of the State, Tatmadaw could cooperate with the elected governments but faced some difficulties in cooperation with them for initiating some issues. At a time when COVID-19 broke out worldwide in 2019, Tatmadaw suggested the government at that time to make preparations against the pandemic but it did not make preparations. When COVID-19 broke out in Myanmar, the government faced many difficulties in conducting prevention, treatment and control measures. As Tatmadaw has made preparations, necessary assistance could be given as much as possible. As it was a time to hold the election, although Tatmadaw suggested to suspend the process of election temporarily, the government did not accept the suggestion and continued the process. Depending on outbreak of COVID-19, the government at that time committed malpractices in casting votes in advance and compiling voter lists for their party to achieve victory. As the voter lists were seen with many differences in releasing the voter list after the election, political parties requested Tatmadaw to scrutinize the voter list. So, Tatmadaw scrutinized the voter lists with the help of experts, and more than 10 million of voting frauds could be found. Although Tatmadaw informed officials of solving the problems of voting errors, they did not solve it and attempted to forcibly grasp the State power by convening the Hluttaw with elected representatives based on voting frauds. So, Tatmadaw took the State responsibilities by declaring the State of Emergency under the Constitution. CEC members of NLD and chief ministers of some regions were involved in committing the voting frauds. The voting frauds led to protests and riots and then to mobbing activities changed to the armed terror acts. Due to voting frauds, it made attempts to solve the State of Emergency of the nation with armed terror acts, without using political ways. In reviewing these processes, it showed lesser educated persons of the nation. Without focusing on interests of the State, they destroy the future of the State with the armed terror acts.

**Enhancing educational capability**

Therefore, we are encouraging education to develop its skills. We are shaping the future of the country with educated human resources. In the midst of crises such as the timing of the outbreak of the COVID-19 disease and the political difficulties, efforts have been made to reopen schools and to prevent the loss of students' education rights. The government is actively promoting educational activities, and the teaching officials also need to teach all students to be able to really learn the classes. As well as being educated, they will also need to read, so the development of libraries and the promotion of reading are being carried out. By opening libraries, people, who have reached an age where they can no longer be educated, will be able to study, and acquire knowledge and skills. By opening libraries in basic education schools, children's good reading habits and reading power will improve and they will gain more knowledge and awareness.

**During the course, students should learn systematically and strive to raise the level of education in the regions where they work**

At this college, teachers from all over the country come to take courses, so I would like them to think about how to improve education in their own regions. Doing so is to make

See Page - 20 ●●

►► From Page - 21

of the lives, property, and well-being of the people. He emphasized that the People's Militias, war veterans, and members of the Myanmar Police Force must collaborate to ensure regional security and stability. He also stressed the importance of taking long-term considerations into account when carrying out operations to ensure regional peace and stability and the smooth and secure functioning of transportation and communication. Additionally, he highlighted the need to improve the capabilities of Tatmadaw and Myanmar Police Force members and the necessity of continuously receiving security-related information. He provided guidance on other requirements related to regional security and stability.

Afterward, the Senior General and party visited the local military hospital within the Mandalay Palace to meet with officers, other ranks, members of the Myanmar Police Force, and members of the People's Militias who were injured while performing their national defence and security duties. They inquired about the conditions of the injured individuals and their recovery status, engaging with them warmly and encouragingly. Based on the reports presented by the officers and other ranks, necessary assistance and support were provided.

Afterward, the Senior General and party presented honorariums and gifts to the officers, other ranks, members of the Myanmar Police Force and members of the People's Militias who were receiving medical treatment at the hospital.



Daw Kyu Kyu Hla presents gift to a patient.

Similarly, the wife of the Senior General, along with her accompanying members, visited the female ward of the hospital to encourage and offer words of support to the family members of the officers and other ranks who were receiving medical treatment. They also presented honorariums and gifts.

Later, the Senior General inquired about the hospital's needs and provided necessary assistance. **100**

●● From Page - 19

the country better. In order to overcome the difficulties faced by their respective areas, they need to discuss and take action. If the reading, memorizing and discussions are to be carried out, the measures will be further improved during the four-year period. During the period of four years, the training should be carried out systematically and these exercises should be applied again during their service. Teachers must teach and train the students for physical fitness training and travelling in accordance with the rules. If learning is done in an orderly manner, the teaching will be done smoothly. Mainly, the teachers need not to be indolent in reading and they are the ones who have to carry out the re-education, so they must continuously read and study literature knowledge.

There may be language difficulties for class education in ethnic areas. As for the ethnic groups who are currently studying at the Education Degree College, when they arrive in the areas where they serve, ensure that the students are truly literate and make an effort to increase the number of grades. With high transitions, educated human resources will become abundant.

After completing the course, they need to continue to study the literature while working. In addition, they need to constantly work on studying the environment. Experiences and perspectives may vary between villages and cities, allowing individuals to adapt their work environments based on the living systems they encounter. The light of knowledge obtained from reading and studying the literature of each one of them will be able to provide a lot of support for the progress of life, and they must be able to bring light and the right direction to their family and the environment in which they carry out their duties.

Education is not only teaching literature, but also knowledge and skills are also included. If you study diligently for four years, you'll gain knowledge that illuminates like a light. Students need to share the experience and knowledge they gained during the course when they enter service. Doing so is for the betterment of the country. **To walk the path of a multi-party democracy that strengthens the nation, it's essential to become a disciplined people's organization and community, and for that to happen, those who will carry out the teaching responsibilities must work together.** We must learn from the weaknesses that occurred in our country in the past and shape and build the future state through education. **To really teach and learn the knowledge and skills taught by this college and improve their success throughout their lives, he would like to encourage everyone to take part in the role of education promotion in the country,** the Prime Minister said.

Then, the Chairman of the State Administration Council, the Prime Minister and his wife donated public science books, research books, and publications and teaching aid to the Mandalay Education Degree College library, where they were received by the principal.

After that, the Prime Minister greeted the teachers and students who attended the ceremony cordially. **100**

# More than 37,000 acres of various oil crops planted in Sagaing Township

SAGAING August 26

The statistics of Sagaing Township Agriculture Department stated that a total of 37,891 acres of various oil crops have been planted in Sagaing Township of Sagaing Region this monsoon.

In 2024-2025 season, the township earmarked cultivation of 46,146 acres of oil crops but local farmers have so far planted 37,891 acres against the target.

U Zaw Oo, Head of the township Agriculture Department said, "We have earmarked cultivation of more than 46,000 acres of oil crops in Sagaing Township but local farmers have grown more than 37,000 acres against the target cultivation. They are striving for meeting the target sown acreage."

This year, Sagaing Township has cultivated 6,135 acres of groundnut, 24,725 acres of sesame and 7,031 acres of sunflower.

This monsoon, the township earmarked 9,148 acres of groundnut, 24,632 acres of sesame and 12,366 acres of sunflower, totalling 46,146 acres.

This year, staff of township Agriculture Department trained local farmers to expand sown acreage of oil crops and use GAP system and quality strains of crops.

Moreover, agricultural staff inspected crop plantations whether farmers weed and prevent pests.

**SK**

# Indaw Township finishes cultivation of corns

INDAW August 26

Indaw Township Agriculture Department mentioned that a total of 950 acres of corns has been planted in the township of Sagaing Region this monsoon.

Local farmers have so far planted 950 acres of corns exceeding the target of 500 acres in Indaw Township this monsoon.

U Thein Khaing, Head of Township Agriculture Department said: "Local farmers have grown 950 acres of corns exceeding the target of 500 acres. Our department disseminates agricultural techniques to local farmers to boost production."

In 2024-2025 monsoon, the township planned to grow 61 acres of maize and local farmers are growing the plants.

Agricultural officials conduct training courses to local farmers for growing maize and corns, field demonstration, prevent pests and FAW and use traditional pesticides.

The township yields more than 50 baskets of maize per acre, costing Ks-500,000 per acre whereas local farmers produce 15,000 pieces of corns per acre, spending more than Ks-500,000 per acre. **SMK**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects measures taken for regional peace and stability within Central Command Headquarters, visits security personnel receiving medical treatment at local military hospital

NAY PYI TAW August 26

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, along with SAC member Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Union-level officials, senior military officers from the Office of the Commander-in-Chief and responsible personnel, inspected the measures being undertaken for regional peace and stability within the Central Command Headquarters this morning.



Senior General Min Aung Hlaing gives instructions on regional peace and stability measures within Central Command area.

Firstly, in the meeting hall of the Central Command Headquarters, Commander Brig-Gen Kyaw Ko Htaik presented on the ongoing security responsibilities within the Central Command, the current situation where some EAO groups and PDF insurgents are disrupting regional peace and stability, the situation of innocent civilians being brutally murdered, the planting and detonation of mines to destroy communication routes, bridges, railway tracks, and communication towers, and the continued security operations by the Tatmadaw and Myanmar Police Force to maintain regional peace and stability.

Regarding the briefings, the Senior General stated the necessity to systematically carry out regional peace and stability operations to ensure the security

See Page - 20►►



Senior General Min Aung Hlaing comforts a patient.



Senior General Min Aung Hlaing comforts a patient.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၆

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။







ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် **(အမျိုးသား/အမျိုးသမီး)** မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးရာ **အမျိုးသမီး** မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် သီရိလင်းလင်း(စစ်ကိုင်း)က ၁၃ ဒသမ ၃၄ စက္ကန့်ဖြင့် ပထမ၊ အေးစန္ဒာဝင်း(မကွေး)က ၁၃ ဒသမ ၄၇ စက္ကန့်ဖြင့် ဒုတိယ၊ ရွှေခရေဦး(ကရင်)က ၁၃ ဒသမ ၄၉ စက္ကန့်ဖြင့် တတိယ၊ **အမျိုးသား** မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် စောလဲပွဲခူ(ဧရာဝတီ)က ၁၁ ဒသမ ၂၄ စက္ကန့်ဖြင့် ပထမ၊ အောင်မျိုးဇော်(ပဲခူး)က ၁၁ ဒသမ ၂၆ စက္ကန့်ဖြင့် ဒုတိယ၊ ဇေယျာဖြိုး(စစ်ကိုင်း)က ၁၁ ဒသမ ၂၈ စက္ကန့်ဖြင့် တတိယ၊ **အမျိုးသား** မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ကျော်ဇင်ထွန်း(စစ်ကိုင်း)က ၆ မိနစ် ၄၄ ဒသမ ၉၆ စက္ကန့်ဖြင့် ပထမ၊ အောင်မြင့်မြတ်(ရှမ်း)က ၆ မိနစ် ၄၆ ဒသမ ၅၁ စက္ကန့်ဖြင့် ဒုတိယ၊ ဟိန်းသူရအောင်(တနင်္သာရီ)က ၆ မိနစ် ၅၄ ဒသမ ၅၄ စက္ကန့်ဖြင့် တတိယတို့ အသီးသီးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးထွန်းအုံနှင့် ဦးအောင်ကျော်ဟိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများဖြစ်သည့် **အမျိုးသမီး** (လုံတံပစ်၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ သုံးဆင့်ခုန်၊ မီတာ ၁၅၀၀) ပြိုင်ပွဲများနှင့် **အမျိုးသား** (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ လုံတံပစ်၊ မီတာ ၁၅၀၀)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက **အမျိုးသမီး** မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က **အမျိုးသား** မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက **အမျိုးသား** မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က **အမျိုးသား** မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ် ပြည့်ဖြိုးထွန်း(ရန်ကုန်)၏ စံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၄၇ မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် နိုင်လင်းထွန်း(ရှမ်း)ကိုလည်းကောင်း၊ **အမျိုးသမီး** သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ၂၀၁၉ ခုနှစ် မူကိုဖော (ကယား)၏စံချိန် ၃၅ ဒသမ ၀၈ မီတာထက်ကျော်လွန်၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် နန်းအွမ်ဆိုင်ခမ်း(ရှမ်း)နှင့် **အမျိုးသမီး** မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ၂၀၂၃ ခုနှစ် ဇာဇာထွန်း(မန္တလေး) ၏ စံချိန် ၈ မိနစ် ၁၂ ဒသမ ၄၄ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၇ မိနစ် ၅၄ ဒသမ ၉၉ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် ခိုင်ဖူးဝေ(ရှမ်း)တို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က **အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့်** ရှမ်းပြည်နယ်အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက **စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့်** စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လည်းကောင်း တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးများက အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာလာစေရေးနှင့် ထူးချွန်ထက်မြက်သည့်ပြေးခုန်ပစ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ်လ ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁) တို့၌ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်းအင်အား ၄၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရာမညယူနိုက်တက်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရာမညယူနိုက်တက်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ဧရာဝတီရိန်းဂျားအသင်းနှင့် Glory Goal အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ချင်းလန်းအက်ဖ်စီအသင်းနှင့် Silver Stars အသင်းတို့ကစားခဲ့ရာ ချင်းလန်းအက်ဖ်စီအသင်းက ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်နှင့် ၄၇ မိနစ်တို့တွင် Bagaya Halidou ကလည်းကောင်း၊ ပွဲချိန် ၅၆ မိနစ်တွင် ကျော်စွာထက်ကလည်းကောင်း၊ ပွဲချိန် ၇၉ မိနစ်တွင် မင်းထက်နိုင်ကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့သည်။

အလားတူ ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရာမညယူနိုက်တက်အသင်းက ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၉ မိနစ်တွင် သူရဆန်းကလည်းကောင်း၊ ပွဲချိန် ၆၃ မိနစ်တွင် ပယ်နယ်တီမှတ်ဆင့် ချမ်းဦးကလည်းကောင်း၊ ပွဲချိန် ၆၅ မိနစ်တွင် ဘုန်းခန့်အောင်ကလည်းကောင်း သွင်းယူပေးနိုင်ခဲ့သည်။




ဆက်လက်ပြီး ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ ဧရာဝတီရိန်းဂျားအသင်းနှင့် Glory Goal အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် မင်းခန့်သိန်းကသွင်းယူပေးနိုင်ခဲ့ကာ ဧရာဝတီရိန်းဂျားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် သန်းထွန်းဇော်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

## ရုရှားက ယူကရိန်းစွမ်းအင်အဆောက်အအုံများကို တိုက်ခိုက်နိုင်ဟုထုတ်ပြန်

မော်စကို၊ စစ်ရေး

ရုရှားတပ်မတော်က ယူကရိန်းနိုင်ငံ၏ အဓိကကျသော စွမ်းအင်အဆောက်အအုံ များကို တိုက်ခိုက်မှုလုပ်လိုက်နိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် လ ၂၆ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုတိုက်ခိုက်မှုတွင် ဝေဟင်နှင့်ပင်လယ် ပြင်တို့မှပစ်ခတ်နိုင်သည့် တိကျမှုမြင့်မား သည့်တာဝေးပစ်လက်နက်များ၊ တိုက်ခိုက် ရေးဒရုန်းများကို အသုံးပြုခဲ့ခြင်းဖြစ်သည် ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုသို့တိုက်ခိုက်မှုတွင် သတ်မှတ်ထား သည့်ပစ်မှတ်များအားလုံးကို ထိမှန်သွား ကြောင်းနှင့် အခြားတိုက်ခိုက်မှုများတွင် လည်း အီလက်ထရွန်နစ်စစ်ဆင်ရေးစခန်း နှစ်ခုနှင့် ရှေ့တန်းလက်နက်တိုက်လေးခု တို့ကိုဖျက်ဆီးလိုက်နိုင်ကြောင်း ဝန်ကြီး ဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြ ထားသည်။

တစ်ချိန်တည်းမှာပင် ရုရှားတို့ဘက်က ဒုံးကျည်အစင်းပေါင်း ၁၀၀ ကျော်၊ ဒရုန်း အစင်းပေါင်း ၁၀၀ ကျော်ဖြင့် အလွန်ကြီး မားသော ပူးတွဲတိုက်ခိုက်မှုကိုလုပ်ဆောင် သည်ဟု ယူကရိန်းသမ္မတဇီလန်စကီက တယ်လီဂရမ်တွင်ရေးထားသည်။

ယင်းသို့တိုက်ခိုက်မှုကြောင့် နိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ကြီးစွာသောပျက်စီးမှု များရှိကြောင်း၊ သို့သော် ထိုအဆောက် အအုံများမှာ ယခုအခါပြန်လည်ပတ်နိုင်ပြီ ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အလားတူ ရုရှားတို့က ယူကရိန်းနိုင်ငံ၏ မြို့တော်အပါအဝင် အလယ်ပိုင်းနှင့်အရှေ့ ပိုင်းဒေသများကို တိုက်ခိုက်မှုများလုပ်ခြင်း ဖြစ်ကြောင်း ယူကရိန်းအစိုးရသတင်းဌာန ကဖော်ပြထားသည်။

ရုရှားတပ်မတော်က ထိုသို့တိုက်ခိုက်မှု ကိုလုပ်ဆောင်ရာတွင် Tu-95MC မဟာ ဗျူဟာမြောက်ဗုံးကြဲလေယာဉ် ၁၁ စင်း၊ Tu-22M3 အသံထက်မြန်တာဝေးဗုံးကြဲ လေယာဉ် ခြောက်စင်းတို့ကို အသုံးပြုခဲ့ ကြောင်း သိရသည်။

Ref: Xinhua



## အရှေ့တောင်အာရှဒေသက EV ထုတ်လုပ်မှုဗဟိုချက်ဖြစ်လာမည်

ဘန်ကောက်၊ ကုန်ထုတ်လုပ်မှု

အရှေ့တောင်အာရှဒေသသည် လျှပ်စစ် ကား(EV)များထုတ်လုပ်မှုလုပ်ငန်းအတွက် ဗဟိုချက်နေရာ ဖြစ်လာမည်ဖြစ်ကြောင်း ဩဂုတ်လ ၂၆ ရက်တွင်ထုတ်ပြန်သော BloombergNEF ၏နှစ်ပတ်လည်အစီရင် ခံစာတွင်ဖော်ပြထားသည်။

အထူးသဖြင့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေး ရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် ဖိလစ်ပိုင် နိုင်ငံတို့၌ EV ကားဝယ်လိုအားနှင့် ထုတ် လုပ်မှုကဏ္ဍမြင့်မားလာနိုင်ကြောင်း အစီ ရင်ခံစာတွင်ရေးသားထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း အရှေ့တောင် အာရှဒေသ၌ ခရီးသည်တင် EV ကားများ ရောင်းချမှုသည် အစီးရေတစ်သိန်းခွဲကျော် ဖြင့် သုံးဆကျော်မြင့်မားလာကြောင်း၊ ၎င်းတို့အနက် ထိုင်းနိုင်ငံ၌ ရောင်းချမှုက အစီးရေ၈၀၀၀၀ ကျော်ဖြင့် ပထမနေရာတွင် ရှိကြောင်း အစီရင်ခံစာတွင်ဆက်လက် ဖော်ပြထားသည်။

ထို့ပြင် ၂၀၄၀ ပြည့်နှစ်အရောက်တွင် ခရီးသည်တင် EV ကားများရောင်းချရမှု သည် အစီးရေ၂ ဒသမ ၇ သန်းနီးပါးအထိ ရောက်ရှိလာနိုင်ကြောင်းနှင့် ထိုပမာဏ သည် တစ်ကမ္ဘာလုံးအတွင်းအတာဖြင့်ဆို လျှင် ၅၆ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း BloombergNEF စီးပွားရေးပြောင်းလဲမှု အလားအလာအစီရင်ခံစာတွင် ဖော်ပြ ထားသည်ဟုသိရသည်။

Ref: NT




## တယ်လီဂရမ်စီအီးအိုအဖမ်းခံရမှု လွတ်လပ်စွာပြောဆိုခွင့်ကိုဖိနှိပ်ခြင်းဖြစ်ဟု အီလွန်မက်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

တယ်လီဂရမ်စီအီးအိုအဖမ်းခံရမှုသည် လွတ်လပ်စွာပြောဆိုခွင့်ကို ဖိနှိပ်ခြင်းဖြစ် ကြောင်း အီလွန်မက်က ဩဂုတ်လ ၂၅ ရက် တွင်ပြောသည်။ ထို့ပြင် ယင်းသို့ဖမ်းဆီးမှု ကိုလည်း ၎င်းကရှုတ်ချထားသည်။

ပြင်သစ်အစိုးရက လူမှုကွန်ရက်တစ်ခု ဖြစ်သည့် တယ်လီဂရမ်ကိုတည်ထောင်သူ နှင့် စီအီးအို ပါဗယ်ဒူရော့ကို ဩဂုတ်လ ၂၄ ရက်ညပိုင်းတွင် ပဲရစ်မြို့ရှိလေဆိပ်၌ ဖမ်းလိုက်ခြင်းဖြစ်သည်။

ပါဗယ်ဒူရော့ကိုဖမ်းဆီးခြင်းသည် ပြစ် မှုဆိုင်ရာများအတွက်သာဖြစ်ပြီး နိုင်ငံရေး နှင့်သက်ဆိုင်မှုမရှိကြောင်း ပြင်သစ်သတင်း စာများကဖော်ပြထားသည်။

မက်ဆေ့ပေးပို့နိုင်သည့်အပလီကေးရှင်း တစ်ခုဖြစ်သော တယ်လီဂရမ်သည် အသုံး ပြုသူများ၏အချက်အလက်များကို ရယူ ထားခြင်းမရှိကြောင်း တရားဝင်ကြေညာ ထားသည်ဟုသိရသည်။

Ref: Xinhua

# သတင်းတိုကဏ္ဍ

## ဒူတာတေ၏သင်းအုပ်ဆရာကိုဖမ်းရန်ကြိုးပမ်းမှုကြောင့် ဖိလစ်ပိုင်၌ ဆန္ဒပြမှုများဖြစ်ပေါ်

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က သမ္မတဟောင်း ရိုဒရီဂိုဒူတာတေမိသားစုနှင့်ပတ်သက်နေ သော သင်းအုပ်ဆရာကို ဖမ်းဆီးရန် ကြိုးပမ်းမှုကြောင့် နိုင်ငံအတွင်းဆူပူဆန္ဒပြမှု များဖြစ်ပေါ်လာကြောင်းသိရသည်။

ဩဂုတ်လ ၂၅ ရက်တွင် နိုင်ငံတောင် ပိုင်းရှိ ဒါဗာအိုမြို့၌ဖြစ်ပွားသော ဆူပူဆန္ဒ ပြမှုများအတွင်း ဆန္ဒပြသူရာပေါင်းများစွာ က ကျောက်တုံးများ၊ ဓားမြှောင်များဖြင့် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိသည်။

သင်းအုပ်ဆရာဖြစ်သည့် အပိုလိုကွီဘို လွိုင်းသည် အနိုင်ကျင့်မှုနှင့်လူကုန်ကူးမှု များကိုကျူးလွန်သည်ဟု ရဲတပ်ဖွဲ့ကထုတ် ပြန်ထားသည်။ သို့သော် ၎င်းကိုယုံကြည် သူများက ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်ကို ငြင်းဆိုထားသည်။

ထို့ပြင် ယခုကဲ့သို့ဖမ်းဆီးမှုသည် ဒူတာ တေနှင့် လက်ရှိသမ္မတ ဖာဒီနန်မားကို့စ်ဂျူ နီယာတို့ကြားရှိ ရန်စကို ကြီးထွားလာ စေရန်ကြိုးပမ်းမှုအဖြစ် ဆန္ဒပြသူများက သတ်မှတ်ထားသည်။

Ref: TST

## ဂျာမနီက ရွှေ့ပြောင်းနေထိုင်သူများကို ပိုမိုနှင်ထုတ်မည်

ဂျာမနီဝန်ကြီးချုပ်က ပြီးခဲ့သည့်ရက် ပိုင်းအတွင်း ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ နေရာသို့သွားပြီးနောက် နိုင်ငံအတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများကို ပိုမိုနှင်ထုတ် သွားမည်ဟု ဩဂုတ်လ ၂၆ ရက်တွင်ပြော သည်။

ဩဂုတ်လ ၂၄ ရက်တွင်ကျင်းပသော ပွဲတော်တစ်ခု၌ လူတစ်ဦး၏ဓားဖြင့်တိုက် ခိုက်မှုကြောင့် လူသုံးဦးသေဆုံးသည့်အပြင် ရှစ်ဦးဒဏ်ရာရရှိကာ အချို့မှာစိုးရိမ်ရသည် ဟုရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

ထိုတိုက်ခိုက်မှုကို IS အဖွဲ့ကလုပ်ခြင်း ဖြစ်သည်ဟု ဝန်ခံထားသည်။ ဓားထိုးတိုက် ခိုက်မှုကျူးလွန်သူသည် ဆီးရီးယားနိုင်ငံမှ ဂျာမနီနိုင်ငံသို့ လာရောက်ခိုလှုံသည့် IS အဖွဲ့သစ္စာခံသူတစ်ဦးဖြစ်ပြီး အသက် ၂၆ နှစ်သာရှိသေးသည်။

ယင်းတိုက်ခိုက်မှုကြောင့် လက်ယာစွန်း ရောက်အတိုက်အခံပါတီက ရွှေ့ပြောင်းနေ ထိုင်သူများအပေါ် အစိုးရ၏ကိုင်တွယ်မှု ကို ဝေဖန်အပြစ်တင်ထားသည်။

ထို့ကြောင့် အဆိုပါတိုက်ခိုက်မှုသည် အကြမ်းဖက်မှုဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ သားအားလုံးအပေါ် အကြမ်းဖက်ခြင်းဖြစ် ကြောင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများကို နှင်ထုတ်ခြင်းများလုပ်သွားမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောထားခြင်းဖြစ် သည်။

Ref: RTA

## အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်တို့၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူများပြားလာ

အင်ဒိုနီးရှားနိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူအရေ အတွက်ပိုမိုများပြားလာကြောင်း သက်ဆိုင် ရာနိုင်ငံများကထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ မျောက်ကျောက် ရောဂါကို ပထမဆုံးစတွေ့သည့်၂၀၂၂ ခုနှစ် ဩဂုတ်လနောက်ပိုင်း ထိုရောဂါဖြစ်ပွားသူ ၈၈ ဦးရှိလာပြီဟု ကျန်းမာရေးဝန်ကြီးက ဩဂုတ်လ ၂၆ ရက်တွင်ပြောသည်။

ယခုနှစ်တစ်နှစ်တည်း အတွင်းမှာပင် မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၄ ဦး အထိရှိသည်။ သို့သော် လက်ရှိတွင်အစိုးရ အနေဖြင့် ထိန်းချုပ်ထားနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း မျောက်ကျောက်ရောဂါဖြစ်ပွားသူနောက် ထပ်နှစ်ဦးကိုတွေ့ရှိသောကြောင့် ရောဂါ ဖြစ်ပွားသူ သုံးဦးရှိလာပြီဟု ကျန်းမာရေး ဝန်ကြီးဌာနက ဩဂုတ်လ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့၌တွေ့ရှိရ သောရောဂါပိုးများမှာ Clade IIB နှင့် Clade II မျိုးကွဲများဖြစ်ပြီး ကူးစက်ပျံ့နှံ့မှုနှုန်းနှင့် သေဆုံးမှုနှုန်းနည်းပါးကာ အချိန်တိုအတွင်း နာလန်ထူနိုင်ကြောင်းသိရသည်။

Ref: Xinhua

## ဂျပန်သို့ အလွန်အင်အားပြင်းမုန်တိုင်းဝင်မည်

အလွန်အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း တစ်လုံးဖြစ်သည့် ရှန်ရှန်သည် ဩဂုတ် လ၂၈ ရက်တွင် ဂျပန်နိုင်ငံသို့ဝင်မည်ဖြစ် ကြောင်း ဂျပန်မိုးလေဝသဌာနက ဩဂုတ် လ ၂၆ ရက်တွင်ထုတ်ပြန်ထားသည်။


မုန်တိုင်း၏လေတိုက်နှုန်းသည် တစ် နာရီလျှင် ၂၁၆ ကီလိုမီတာရှိမည်ဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုများနှင့်လှိုင်းထန် မှုများဖြစ်ပွားနိုင်သည်ဟု ထုတ်ပြန်ချက် တွင်ဖော်ပြထားသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် အတူ နောက်ဆက်တွဲအခြေအနေများ ဖြစ်သည့် မြေပြိုခြင်း၊ ရေကြီးခြင်းတို့ကို သတိထားရမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသတိပေးချက်ကြောင့် လာမည့်ရက်များအတွက် ပြည်တွင်းနှင့် ပြည်ပလေကြောင်းခရီးစဉ်များကို ဖျက် သိမ်းလိုက်ရကြောင်းသိရသည်။

Ref: RTA

# ဆေးဝါးစက်ရုံ (အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တို့ရှိ အရာထမ်းများ၊ အမှုထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တွေ့ဆုံ၊ ဝန်ထမ်းသားသမီးများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်



နေပြည်တော် ဩဂုတ် ၂၆

ဆေးဝါးစက်ရုံ(အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တို့ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၊ ဝန်ထမ်းသားသမီးများအား ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများနှင့် အရာထမ်း/အမှုထမ်းများ၊ တက္ကသိုလ်နှင့် အခြေခံပညာအဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏သားသမီးများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးစက်ရုံ(အင်ရောင်း)အနေဖြင့် ပြည်သူများအတွက် အခြေခံအကျဆုံးဆေးဝါးများ အပါအဝင်ဆေးဝါးအမျိုးပေါင်း ၅၀ ကျော်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်လျက်ရှိကြောင်း၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)အနေဖြင့် စတီးအသုံးအဆောင်ပစ္စည်းများ၊ ကျန်းမာရေးဝန်ကြီးဌာနအတွက် လိုအပ်သည့်ဆေးရုံသုံးပစ္စည်းများနှင့် အဆင့်မြင့်ခုတင်များကို ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တို့ရှိဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များက လက်ခံရယူသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တက္ကသိုလ်အဆင့်နှင့် အခြေခံပညာအဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့်ဝန်ထမ်းများ၏ သားသမီး ၃၂၆ ဦးအတွက် ငွေကျပ် ၄၈ သိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများကိုထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ကျောက်ဆည်မြို့ရှိအမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး နိုက်ထရိုဂျင်ထုတ်လုပ်သည့် အလုပ်ရုံ၊ ရေသန့်အလုပ်ရုံ၊ ဟိုက်ဒရိုဂျင်ထုတ်လုပ်သည့်အလုပ်ရုံတို့ရှိ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် မြစ်သားမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထုတ်လုပ်သည့်ချည်များနှင့်ပတ်သက်၍ ချည်တစ်ပင်ချင်းစီ၏ ခိုင်အားကောင်းမွန်စေရန်နှင့် ချည်လုံးညီညာမှုရှိစေရေးတို့အတွက် အစဉ်တစိုက်လေ့လာပြီး သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံနှင့် အရာထမ်းများအားတွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အဝတ်အထည် လိုအပ်ချက်များကိုလည်း တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် သုံးစွဲသူပြည်သူများ ကြိုက်နှစ်သက်သည့် အဆင်ဒီဇိုင်းဖြင့်အထည်များကို ရက်လုပ်ကြရန်နှင့် ထုပ်ပိုးမှုစနစ်များကောင်းမွန်အောင်လည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# Mpox (မျောက်ကျောက်)ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆောင်ရွက်လျက်ရှိ




ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း Mpox (မျောက်ကျောက်)ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာသီတာလှက တိုင်းဒေသကြီးအတွင်း Mpox(မျောက်ကျောက်) ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် လူနာတွေ့ရှိပါက ကုသမှုပေးနိုင်ရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်းတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း Mpox(မျောက်ကျောက်) ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြောကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်၌ ဩဂုတ်လ ၂၁ ရက်မှ စတင်၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို Mpox(မျောက်ကျောက်) ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာသီတာလှ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြည်ပနိုင်ငံများမှဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးကြေညာချက် (Health Declaration Form)အား စစ်ဆေးခြင်း၊ ခရီးသည်များအား Mpox(မျောက်ကျောက်) ရောဂါနှင့်ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသောရောဂါများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကိုလည်းကောင်း၊ ဩဂုတ်လ ၂၁ ရက်မှ ယနေ့အထိ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူ ၉၄၅၀ ဦးအား စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သံသယလူနာမတွေ့ရှိသေးကြောင်းနှင့် သံသယလူနာတွေ့ရှိပါက ဝေဘာဂီဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြဝတီအမျိုးသမီးအသင်းက အယ်လ်နာဆာအမျိုးသမီးအသင်းကို ရှုံးနိမ့်




ရန်ကုန် ဩဂုတ် ၂၆

ဆော်ဒီနိုင်ငံ ရီယက်ဒ်မြို့၌ကျင်းပလျက်ရှိနေသည့် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ယနေ့နံနက် ၁ နာရီတွင် မြဝတီအမျိုးသမီးအသင်းနှင့် အယ်လ်နာဆာအမျိုးသမီးအသင်းတို့ကစားခဲ့ရာ မြဝတီအမျိုးသမီးအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြဝတီအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု ပထမဆုံးအကြိမ်ပါဝင်ခွင့်ရရှိခဲ့ကာ ဆော်ဒီကလပ် အယ်လ်နာဆာအမျိုးသမီးအသင်း၊ ယူအေအီးကလပ် Abu Dhabi Country Club အသင်းနှင့် လာအိုကလပ် Young Elephants အသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အိမ်ရှင် အယ်လ်နာဆာအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၁ မိနစ်နှင့် ပွဲချိန် ၂၈ မိနစ်တို့တွင် လူဗန်ဂါက အယ်လ်နာဆာ အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် အယ်လ်နာဆာအမျိုးသမီးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အယ်လ်နာဆာအမျိုးသမီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် အယ်လ်နာဆာအမျိုးသမီးအသင်းမှ မူယာကာ့ဒ်က တတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အယ်လ်နာဆာအမျိုးသမီးအသင်းက မြဝတီအမျိုးသမီးအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြဝတီအမျိုးသမီးအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် ဩဂုတ်လ ၂၈ ရက်တွင် ယူအေအီးကလပ် Abu Dhabi Country Club အသင်းနှင့်ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# မန်ယူအသင်းက ကွင်းလယ်ကစားသမား တွမ်မီနေးကို နာပိုလီအသင်းထံရောင်းချရန် သဘောတူညီမှုရရှိပြီးနောက် အူဂါတေးကိုခေါ်ယူနိုင်ရန်နီးစပ်နေ




မန်ချက်စတာ ဩဂုတ် ၂၆

မန်ယူအသင်းက ကွင်းလယ်ကစားသမား တွမ်မီနေးကို စီးရီးအေကလပ် နာပိုလီအသင်း ထံရောင်းချရန် သဘောတူညီမှုရရှိပြီးနောက် ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား အူဂါတေးကို ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် လိုအပ်ချက်များရှိနေသည့် အသင်းကွင်းလယ်ပိုင်းအတွက် အူဂါတေးကို ခေါ်ယူရန် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလအစပိုင်းကတည်းက ကြိုးပမ်းနေပြီး အူဂါတေးကိုယ်တိုင်ကလည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် ပီအက်စ်ဂျီအသင်းထံ ပြောင်းရွှေ့ခွင့်တောင်းဆိုထားသော်လည်း မန်ယူအသင်းက အသင်းမှကစားသမားတချို့ကို မရောင်းချနိုင်သေးသည့်အတွက် အူဂါတေးကိုခေါ်ယူရန် ကြန့်ကြာနေခြင်းဖြစ်သည်။

အသက် ၂၇ နှစ်အရွယ် တွမ်မီနေးသည် မန်ယူအသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၇ ခုနှစ်က ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် အစောပိုင်းဘောလုံးရာသီများတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း လက်ရှိနည်းပြတန်ဟတ်လက်အောက်တွင် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

မန်ယူအသင်းက တွမ်မီနေးကို လက်ရှိအပြောင်းအရွှေ့ကာလတွင်ရောင်းချရန်ဆုံးဖြတ်ထားပြီး အစောပိုင်းက စပါးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့က ကမ်းလှမ်းမှုများရှိခဲ့သော်လည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှုအဆင်မပြေသည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ဘဲ ယခုအခါ နာပိုလီအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများလုပ်ဆောင်ကာ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

မန်ယူအသင်းက တွမ်မီနေးကိုရောင်းချရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အူဂါတေးကိုခေါ်ယူရန် ကြိုးပမ်းနေကာ ပီအက်စ်ဂျီအသင်းက အူဂါတေးအတွက် ပြောင်းရွှေ့ကြေးကို အနည်းဆုံးယူရို သန်း ၆၀ အလိုရှိနေကြောင်း သိရသည်။

*Ref;The Guardian*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ဆော်ပေါ်လိုအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်ကို စပိန်ကလပ် ဗယ်လ်ကာနိုအသင်းက တစ်နှစ်စာချုပ်အပြင် နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်သတ္တပတ်တွင် ဆေးစစ်မှုများလုပ်ဆောင်ပြီး စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

■ ကိုမိုအသင်းက ရီးယဲလ်မက်ဒရစ်အသင်း လူငယ်ကွင်းလယ်ကစားသမားနီကိုပက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရိုခြောက်သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

■ ခရစ္စတယ်ပဲလေ့စ်အသင်းက အာဆင်နယ်အသင်း လူငယ်တိုက်စစ်ကစားသမား နကီတာကိုခေါ်ယူရန် နီးစပ်လျက်ရှိပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

■ နော်တင်ဟမ်အသင်းက ဗီယင်နာအသင်းကစားသမား ဆန်တီယာဂိုမက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၃၃ သန်းဖြင့်ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများလုပ်ဆောင်ကာ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လာမည့်ဘောလုံးရာသီတွင်လည်း လီဗာပူးအသင်း၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ခံစစ်ကစားသမားဗန်ဒိုက် အတည်ပြုပြောကြား

လန်ဒန် ဩဂုတ် ၂၆

လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက်က လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင်လည်း လီဗာပူးအသင်း၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့သည်။

အသက် ၃၃ နှစ်အရွယ် ဗန်ဒိုက်သည် ၂၀၁၈ ခုနှစ်က ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လီဗာပူးအသင်း ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက ပရီးမီးယားလိဂ်ချန်ပီယံဆု ဆွတ်ခူးနိုင်ရာတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သည့်အပြင် တစ်ဦးချင်းဆုအဖြစ် ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဗန်ဒိုက်သည် အသင်းမှ ဟတ်ဒါဆန်ထွက်ခွာပြီးနောက် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ကာ အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြနိုင်ခဲ့ပြီး လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အကောင်းဆုံးခံစစ်ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည်။

လက်ရှိလီဗာပူးအသင်းနှင့်ဗန်ဒိုက်တို့၏ စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လတွင်ကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိအချိန်ထိ လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသေးသည့်အတွက် အသင်းမှထွက်ခွာဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသော်လည်း ဗန်ဒိုက်က အသင်းမှထွက်ခွာရန်အစီအစဉ်မရှိဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ရီးယဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် ဂိုးသွင်းယူနိုင်သည့်အသက်အငယ်ဆုံးကစားသမားအဖြစ် အန်းဒရစ်မှတ်တမ်းဝင်

မက်ဒရစ် ဩဂုတ် ၂၆

ရီးယဲလ်မက်ဒရစ်အသင်း လူငယ်တိုက်စစ်ကစားသမား အန်းဒရစ်သည် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ်ကစားသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗယ်လာဒိုလစ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး နိုင်ငံခြားကစားသမား(စပိန်လူမျိုးမဟုတ်သည့် ကစားသမား)အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းက ဗယ်လာဒိုလစ်အသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အန်းဒရစ်သည် ပွဲချိန် ၈၆ မိနစ်တွင် အမ်ဘာတ်ပီ၏နေရာ၌ လူစားဝင်ကစားပြီးနောက် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ခြောက်မိနစ်တွင် ဘရာဟမ်ဒီယက်၏ ဖန်တီးပေးမှုမှတစ်ဆင့် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ပြီး မှတ်တမ်းကောင်းတစ်ရပ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အန်းဒရစ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်ဗယ်လာဒိုလစ်အသင်းတို့ကစားသည့်ပွဲစဉ်၌ ပါဝင်ကစားသည့်အချိန်တွင် ၎င်း၏အသက်မှာ ၁၈ နှစ်နှင့် ၃၅ ရက်သာရှိသေးသည့်အတွက် အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးနိုင်ငံခြားကစားသမား (စပိန်လူမျိုးမဟုတ်သည့်ကစားသမား)အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ပြီး အသင်းနှင့်ပထမဆုံးကစားသည့် စပိန်လာလီဂါပွဲစဉ်တွင်ပင် ပထမဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;ESPN*



# Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် Mpox (မျောက်ကျောက်) ရောဂါ ကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး (၁)ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5 °C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူ များတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကိုတပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%) ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကိုကျက်အောင်ချက်ပြုတ် စားပါ၊

**Mpox (မျောက်ကျောက်) ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယ လက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သော စစ်ဆေးစမ်းသပ်မှုနှင့်ကုသမှုခံယူပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**
ဩဂုတ်လ၊ ၂၀၂၄

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)နောက်ဆုံးပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၄ဂိုး ၁ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၉ မိနစ်တွင် ဝီလီယံက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၂ မိနစ်တွင် သက်ထွန်းအောင်က ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ရခိုင်ယူနိုက်တက်အသင်းအခက်တွေ့ခဲ့ပြီး ပွဲအစ ၄၆ မိနစ်တွင် ဝီလီယံကလည်းကောင်း၊ ပွဲချိန် ၄၈ မိနစ်တွင်အောင်နိုင်ဝင်းကလည်းကောင်း၊ ပွဲချိန် ၆၆ မိနစ်တွင် စအောင်ပြည့်ကိုကလည်းကောင်း ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ၄ဂိုး ၁ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ဝီလီယံက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စည်သူအောင်

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@phoo.pwint.thaw.k" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ခတ္တိယကမ်းနားကျေးရွာနေ ဒွေးဒွေး(ခ)ရွှေဒွေးအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "Hnin yu maw" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပန်းတနော်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်နေ နှင်းယုမွန်အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ "Kaun-gmalay" Facebook အကောင့်နှင့် "@nwe-lay123417" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန် အမှတ်(၁)ရပ်ကွက်(မြို့သစ်)နေ အေးအေးနွယ်(ခ) မနွယ်အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ KG + 12 ကျောင်းသား၊ ကျောင်းသူများအတွက် အသိပညာပေး Power Point အပ်နှင်းသည့်အခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၂၆

ပထမအကြိမ်မဲပေးမည့် လူငယ်မဲဆန္ဒရှင်များအုပ်စုတွင် အကျုံးဝင်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေး Power Point အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ အပ်နှင်းသည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) တွင် **“ KG + 12 တက်ရောက်နေသည့် ကျောင်းသားများသည် အသက် ၁၇ နှစ်၊ ၁၈ နှစ် အရွယ်ဖြစ်ပြီး KG + 12 ပြီးလျှင် အသက် ၁၈ နှစ်ထဲသို့ ရောက်ရှိမည်ဖြစ်ရာ အသက်အရွယ်အရ မဲပေးရန် အကျုံးဝင်နိုင်သူများ ဖြစ်လာနိုင်၍ ၎င်းတို့ကိုဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့နှင့်ပတ်သက်၍ သိရှိအောင်ဆောင်ရွက်ပေးရန်”** လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကော်မရှင်က ဆောင်ရွက်ထားသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အသိပညာပေး Power Point ကိုယခုကဲ့သို့ ပေးအပ်ခြင်းဖြစ်ကြောင်း။

KG + 12 တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများသည် မကြာခင် အသက် ၁၈ နှစ် ပြည့်မီ၍ ပထမအကြိမ် မဲပေးရမည့် လူငယ်မဲဆန္ဒရှင်များဖြစ်လာမည်ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ် ဆန္ဒမဲပေးရာတွင် အခက်အခဲမရှိစေရန်နှင့် နိုင်ငံအကျိုးအတွက် မှန်မှန်ကန်ကန်ရွေးချယ်တတ်စေရန်ရည်ရွယ်၍ ရွေးကောက်ပွဲ အသိပညာပေးခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ဒီမိုကရေစီအသိနှင့်ဒီမိုကရေစီစနစ်၏ အလေ့အကျင့်ကောင်းများကို သိရှိရန်လိုသည့်အတွက် မိမိတို့နိုင်ငံ၌ ကျင်းပခဲ့သည့်ရွေးကောက်ပွဲများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များကို Power Point တွင် ကောက်နုတ်ဖော်ပြထားပါကြောင်း။

ရွေးကောက်ပွဲအတွက် အရေးကြီးသည့် မဲဆန္ဒရှင်လူငယ်များ၏ နိုင်ငံသားအခွင့်အရေးဖြစ်သော မဲပေးခွင့်မဆုံးရှုံးရစေရန်၊ ဥပဒေနှင့်အညီ မဲပေးခွင့်ရရှိစေရန်၊ မဲပေးတတ်စေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရွေးကောက်ပွဲတွင် ပထမအကြိမ်မဲပေးရမည့် ကျောင်းသားလူငယ်များအနေဖြင့် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများရရှိပြီး နိုင်ငံသားတစ်ဦး၏အခွင့်အရေးဖြစ်သည့် မဲပေးခွင့် မဆုံးရှုံးရစေရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူတစ်ဦးက KG + 12 ကျောင်းသား၊ ကျောင်းသူများအတွက် အသိပညာပေး Power Point နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက KG + 12 ကျောင်းသား၊ ကျောင်းသူများအတွက် အသိပညာပေး Power Point ကို အပ်နှင်းရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၅၀၀)

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်နှင့် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဦးမျိုးလှိုင်၊ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို သင်ကြားပြသပေးမည်ဖြစ်ပြီး နည်းပြဆရာဖြစ်သင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ သိရှိတတ်ကျွမ်းကာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင် ညွှန်ကြားပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင်လည်း မဲပေးစက်ဖြင့်မဲပေးခြင်းကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာ သက်သောင့်သက်သာ မဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျမှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန် ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# Naypyitaw State Academy ၏ သင်ကြားရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် Naypyitaw State Academy သို့ရောက်ရှိပြီး ဆေးပညာမဟာဌာန လက်တွေ့ခန်းများ၌ လက်တွေ့ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းထားရှိမှုကိုကြည့်ရှုစစ်ဆေးကာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စာသင်ခန်းများတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး သတ္တဗေဒဌာနက ဆောင်ရွက်လျက်ရှိသော ယင်ကောင်အမည်းများမှ သားလောင်းအကောင်ကြီးများ သားဖောက်မွေးမြူ၍ ကြက်စာအဖြစ်အသုံးပြုကာ ဒေသတွင်းကြက်များ၏ ကြီးထွားနှုန်းနှင့် ဥထွက်နှုန်း သုတေသနပြုစမ်းသပ်မှုကို လေ့လာအကြံပြု အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများ ပန်းချီပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၄)
# (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၁၃-၇၄၀၀၆၊ ၀၁၃-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - | ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

## ပျောက်ဆုံးကြောင်း

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ အေလာအုပ်စု၊ ဒိုဘီကုန်းရွာ၊ ကွင်းအမှတ်(၁၇၈၃-က)၊ သော်မှော်ကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၇၁/၁)၊ ယာမြေဧရိယာ ၀.၄၀ဧကပိုင်ဆိုင်သည့် ဦးမျိုးထွန်း(ဘ)ဦးတင်အောင် ၉/လဝန(နိုင်)၁၃၇၇၂၁ ၏လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မူရင်းမှာ မိမိ၏နေအိမ်အရွှေ့အပြောင်းပြုလုပ်ရာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးမျိုးထွန်း**

**ဖုန်း-၀၉-၄၂၄၄၈၃၈၄**

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ မကျော့ရင်ရင်စိုး(ဘ)ဦးစိုးမောင်မောင် ၇/ပခန(နိုင်)၄၈၁၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၈၂၅၄၄၈၇**

### အမည်ပြောင်း

တာချီလိတ်မြို့၊ ပါလျှံ(၂)ရပ်ကွက်နေ အဘဦးအားဂါ အမိဒေါ်ဘူးဆော့၏သမီး မအားဘ ၁၃/မဖန(နိုင်)၀၃၅၈၂၁ အား မနှင်းဧကရီ ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မနှင်းဧကရီ**

### ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ မင်းကြီးညိုရပ်နေ မထိုက်စန္ဒီစံ(ဘ)ဦးကျော်ကျော်နိုင် ၇/တငန(နိုင်)၂၂၆၇၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၄၈၂၈၃၈**

### အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အ.ထ.က တနင်္သာရီကျောင်း Grade-12 အတန်းမှ (အဘ)ဦးမင်းအောင်နှင့် (အမိ)ဒေါ်နီနီဝင်းတို့၏ သားအမည်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ၆/တသရ(နိုင်)၀၈၉၀၉၂ ကိုင်ဆောင်သူ မောင်ဟိန်းထက်ဦး ဖြစ်ပါကြောင်း။ **မောင်ဟိန်းထက်ဦး**

### မိခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အ.ထ.က တနင်္သာရီကျောင်း Grade-12 အတန်းမှ မအေးအေးသိန်း၏မိခင်အမည်မှန်မှာ ၆/တသရ(နိုင်)၀၂၅၃၈ ကိုင်ဆောင်သူ ဒေါ်သန်းမြင့် ဖြစ်ပါကြောင်း။ **ဒေါ်သန်းမြင့်**

### ပျောက်ဆုံးကြောင်း

ငွေမန်းကျိန်(ဘ)ဦးထောင်ခန့်ပေါင်၅/ကလထ(နိုင်)၀၀၁၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 033130)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာနေ (ဘ)ဦးစန်းမြင့်၏သား မျိုးကို(ခ)မျိုးကိုဦး ၉/တကန(နိုင်) ၂၀၃၃၄၉ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**မျိုးကို(ခ)မျိုးကိုဦး**

### ပျောက်ဆုံးကြောင်း

စောနော်အဲ(ဘ)ဦးအေးအေး ၃/လဘန(နိုင်)၁၈၇၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 277967)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း

မိမိမော်(ဘ)ဦးအောင်သန်း(ခ)ကျော်စိုးလွင် ၁၂/တမန(နိုင်)၀၉၃၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 591964)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**




## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၂၀/မမ/CE | လမ်းခင်းကျောက်(Ballast) (၃၄၅၀)ကျင်း ဝယ်ယူရန် (၄က်သိုက်-၂၀၃၀ ကျင်း၊ ညောင်လွန့်-၁၄၂၀ ကျင်း)ဘူတာအရောက် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၉-၉-၂၀၂၄)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၆-၈-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### ပျောက်ဆုံးကြောင်း

သူဇာညိမ်း(ဘ)ဦးဟန်ဌေး ၁၂/ရပသ(နိုင်)၀၈၈၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 082464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### အမည်မှန်

အ.ထ.က(၇)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ မမေသကြ်န်ဖူး၏မိခင် ဒေါ်စောနှင်းအေး၏အမည်မှန်မှာ ဒေါ်စောနှင်းကျေး ၁၄/မမန(နိုင်)၁၁၀၄၈၆ ဖြစ်ပါကြောင်း။

**ဒေါ်စောနှင်းကျေး**

### ပျောက်ဆုံးကြောင်း

အေးအေးမြတ်(ဘ)ဦးအေးမင်းစိုး ၇/ပမန(နိုင်)၂၁၃၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### အမည်မှန်

အထက(၇)ပုသိမ်၊ ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ Grade-12မှ မသဇင်ထွန်း၏မိခင် ဒေါ်သူဇာခိုင်၏အမည်မှန်မှာ ဒေါ်လှသူဇာ ၁၄/ကလန(နိုင်)၀၈၃၅၆၁ ဖြစ်ပါကြောင်း။

**ဒေါ်လှသူဇာ**

### ပျောက်ဆုံးကြောင်း

အုပ်စိုးအောင်(ခ)ပြည့်စုံအောင်(ဘ)ဦးအောင်ချစ် ၁၀/မလမ(နိုင်)၀၀၆၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 123314)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ဇာနီမျိုး(ဘ)ဦးငွေဝင်း ၅/စကန(နိုင်)၂၈၀၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 106202)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### အမည်မှန်

အထက(၁၀)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12မှ မောင်ထက်မြက်အောင်၏ဖခင် ဦးလှိုင်မင်းစိုး၏အမည်မှန်မှာ ဦးလှိုင်မင်းဦး ၁၄/ပသန(နိုင်)၁၅၁၁၅၇ ဖြစ်ပါကြောင်း။ **ဦးလှိုင်မင်းဦး**

### ပျောက်ဆုံးကြောင်း

ဝေနှင်းလွင်(ဘ)ဦးမောင်စိန် ၁၄/မမန(နိုင်)၂၁၉၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ဇင်ကိုဦး(ဘ)ဦးဝင်းဆင့် ၁၄/မမန(နိုင်)၂၇၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ဒဂုံဆိပ်ကမ်းမြို့၊ အထက(၂)၊ ပထမတန်း(A)မှ (ဘ)ဦးဇော်နိုင်ဦး၏သား မောင်ဖုန်းဖုန်၏အမည်မှန်မှာ မောင်လွင်ဘုန်းမြတ်ဖြစ်ပါကြောင်း။

**မောင်လွင်ဘုန်းမြတ်**

### ပျောက်ဆုံးကြောင်း

ကျော်ဇော(ဘ)ဦးကျော်အေး ၁၂/ကတတ(နိုင်)၀၀၂၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

မြတ်နိုးဆုခိုင်(ဘ)ဦးနိုးတူး ၁၂/ရပသ(နိုင်)၀၇၉၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 628747)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၃၅၃၉၇၃၃**

### ပျောက်ဆုံးကြောင်း

နိုးတူး(ဘ)ဦးလူကာ ၁၂/ကမတ(နိုင်)၀၅၁၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 629634)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၃၅၃၉၇၃၃**

### ပျောက်ဆုံးကြောင်း

မြတ်မြတ်လှိုင်(ဘ)ဦးစိုးလှိုင် ၃/ဘအန(နိုင်)၀၂၅၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 628769)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၃၅၃၉၇၃၃**

### ပျောက်ဆုံးကြောင်း

ဆန်းသစ်ပိုင်(ဘ)ဦးနိုးတူး ၁၂/ရပသ(နိုင်)၁၁၇၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 629129)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၃၅၃၉၇၃၃**

### ပျောက်ဆုံးကြောင်း

ဝေယံစိုး(ဘ)ဦးစိုးမြင့် ၉/ညဥန(နိုင်)၂၄၄၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 720321)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၁၆၅၉၇၁၆**

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ တင်ဌေးဝင်း(ဘ)ဦးလှမြင့် ၈/တတက(နိုင်)၂၀၂၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 347170)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၉၂၂၇၀၀**

### ပျောက်ဆုံးကြောင်း

အေးသန္တာအောင်(ဘ)ဦးအောင်သိန်း ၁၂/ဒဂရ(နိုင်)၀၁၈၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၈၃၁၃၀၉**

### ပျောက်ဆုံးကြောင်း

စိုးသီဟထွန်း(ဘ)ဦးထွန်းထွန်းဦး ၇/ကဝန(နိုင်)၂၄၉၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ဇေဟိန်းမျိုး(ဘ)ဦးစန်းမျိုးနိုင် ၇/ကဝန(နိုင်)၂၄၈၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

မောင်သက်ပိုင်(ဘ)ဦးဝင်းဇော်ဌေး ၇/ကဝန(နိုင်)၂၄၃၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 178501)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ကောင်းမြတ်သူ(ဘ)ဦးဝင်းနိုင် ၁၀/ဘလန(နိုင်)၁၃၉၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 731373)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၈၇၄၈၂၃၂၆**

### ပျောက်ဆုံးကြောင်း

မြတ်မျိုးခိုင်(ဘ)ဦးသိန်းကြွယ် ၈/ပခက(နိုင်)၂၄၆၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၇၉၅၁၃၇**

### ပျောက်ဆုံးကြောင်း

လင်ဇီ(ဘ)ဦးလင်းအဲ ၁၃/ကလတ(နိုင်)၀၅၉၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 032553)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၃၂၁၂၆၃၁**

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။





**နေပြည်တော်  ဩဂုတ် ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၂ ရက်**တွင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေမြို့၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အမှတ်(၁)ဆိပ်ကမ်း၌ ရေယာဉ်(၁)စင်းပေါ်မှ တရားမဝင် စက်သုံးဆီ ခုတ်ဆီ (၂၅၆)ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၆၂၂၅၈၁)**အား ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၃ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်၊ ရွှေဇင်ယော်ရပ်ကွက်၊ တံတားတိုပွဲချိတ်ဆိပ်၌ စုပုံထားသည့် အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၃ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ်နှင့် အောင်လံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့Bongo မော်တော်ယာဉ်(၁)စီးနှင့် Loujia မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၉၈၉၆၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အင်တာနက်အပိုပစ္စည်း Star Link Router (၁၀)လုံးအပါအဝင် လုပ်ငန်းသုံးပစ္စည်း(၂၀)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၆၃၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၀၅၂၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၄ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား (မော်လမြိုင်)စစ်ဆေးရေးဂိတ်အနီး၌ မော်လမြိုင်မြို့မှ သထုံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက်ဆီ (၁၀၈၀) ဘူးအပါအဝင် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၄ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၇၀၅၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့်မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုးနှင့် ယာဉ်အပိုပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၇၃၉၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီးနှင့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၂၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၆၁၀၀၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၅၃၅၂၆၁)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

# ကန့်ဘလူမြို့နယ်မှ ပြည်သူ ၄ ဦးကိုဖမ်းဆီးပြီး ၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေ







**နေပြည်တော်  ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဦးကင်းကြည်ကျေးရွာကို ဩဂုတ်လ ၂၅ ရက်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဝင်ရောက်စီးနင်းပြီး ပြည်သူ ၄ ဦးကို ဖမ်းဆီးကာ ၃ ဦးကို သတ်ဖြတ်ခဲ့ကြောင်းနှင့် ၎င်းကျေးရွာမှ နေအိမ် ၅ လုံးကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ်လ၂၅ ရက်နေ့က ကန့်ဘလူမြို့နယ်၊ ချပ်သင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၃၀၀၀ ခန့်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကလည်း ပြန်လည်တိုက်ခိုက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်သမားများအား လိုက်လံရှင်းလင်းခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားအလောင်း ၃ လောင်း၊ လက်လုပ်စိန်ပြောင်း ၁ လက်၊ လက်လုပ်တစ်တောင့်ထိုး ၂ လက်နှင့် လက်လုပ်စိန်ပြောင်းဗုံးသီး ၅ လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုအား ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့မဟုတ်မမှန်လုပ်ကြံရေးသားပြီး လူမှုကွန်ရက်များတွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၆၀၇၃၀၊ ၀၂ ၄၀၂၄၅၉၅၊
၀၂ ၄၀၂၁၂၀၂၊ ၀၂ ၂၈၄၈၄၄၁
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER )(၁၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

❖ **တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါ်ကြွယ်ဝခြင်းပင်ဖြစ်. . .**

❖ **အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ပြုလုပ်သော(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအားစစ်ဆေး၊ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။ ဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိမှု၊ EAO အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်နေမှုအခြေအနေများနှင့် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်နေမှုအခြေအနေများ၊ အများပြည်သူသွားလာလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများ၊ မီးရထားလမ်းများနှင့် ဆက်သွယ်ရေးတာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုအခြေအနေများ၊ တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် **စာမျက်နှာ ၁၁ ကော်လံ ၁** ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားစဉ်။

